# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၁၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၂၂၄)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး(၅)လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး(၅)လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် မေ ၁၆

**နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီးများဖြစ်ကြသည့် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်း စသည့်လမ်း (၅) လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သိင်္ဂီလမ်း၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနား ကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များနှင့် ဒေသခံပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လမ်းအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး(၅)လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖


ယနေ့ *ဖတ်စရာ*

**လူတိုင်း အိမ်တိုင်းအတွက် ပြန်ပြည့်မြဲ စွမ်းအင်**

ဆောင်းပါး စာ ၆

**ရွှေဘိုပေါ်ဆန်း အရည်အသွေးထိန်းသိမ်းခြင်းဖြင့် မြန်မာ့ပေါ်ဆန်းတစ်ခေတ်ဆန်းစေရမည်**

ဆောင်းပါး စာ ၁၀

**ရေကြောင်းလုပ်ငန်းအခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများ စခန်းပေါင်းစုံတွေ့ဆုံပွဲနှင့် စွမ်းရည်ပြိုင်ပွဲများပြုလုပ်**

ပြည်တွင်းသတင်း စာ ၁၁


**အမြင့်ဆုံး နေ့အပူချိန်များ (၁၆-၅-၂၀၂၆)**

| | |
|---|---|
| မြင်းမူမြို့ | ၄၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၃၉ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ချောက်မြို့ | ၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူမြို့ | ၃၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၃၈ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

## မြို့တစ်မြို့ချင်းစီအလိုက် ကောင်းအောင်ဆောင်ရွက်ခြင်းသည် နိုင်ငံကို ကောင်းအောင်တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့မြို့ ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလို

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၄ သို့*

❖ ***ရှေ့ဖုံးမှ***

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားတက်ရောက် လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး(၅)လမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သိင်္ဂီလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည့် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး (၅) လမ်းအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြင်ဦးလွင်မြို့သည် အေးချမ်းသာယာသည့် တောင်ပေါ်မြို့ဖြစ်သည့်အပြင် ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သိင်္ဂီလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

လည်ပတ်သည့် ခရီးသွားမြို့တော်ဖြစ်သည့်အတွက် နိုင်ငံတကာအဆင့်မီသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့အား အဆင့်မြှင့်တင်ခြင်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် နိုင်ငံတော်အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး အဆင့်မြှင့်တင်ဖွင့်လှစ်လိုက်သည့် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီးများဖြစ်ကြသည့် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်းတို့သည် ပဒေသာမြို့သစ် စတင်အကောင်အထည်ဖော်စဉ်ကတည်းကပင် တည်ရှိခဲ့ခြင်းဖြစ်ပြီး မူလလမ်းအကျယ် (၂) လမ်းသွားဖြစ်သော်လည်း ကား (၂) စီး တိမ်းရှောင်ရန်လုံလောက်သည့် အခြေအနေတွင် မရှိသောကြောင့် လမ်း(၅)လမ်း၏ စုစုပေါင်းအရှည် ၃၂၈၁၃ ပေအား အကျယ် ၂၄ ပေအထိ လမ်းအဆင့်မြှင့်တင် တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြို့တွင်းလမ်းများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ နိုင်လွန်ကတ္တရာလမ်းပေါင်း(၁၆)လမ်း၊ မိုင်အရှည်အားဖြင့် ၁၂ မိုင် ၄ ဖာလုံကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ပြင်ဦးလွင်မြို့အား နိုင်ငံတကာအဆင့်မီသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဘက်စုံတိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိသည့်အပေါ် ပြင်ဦးလွင်မြို့ဒေသခံပြည်သူများအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးတင်ပြ**

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ ပြင်ဦးလွင်ဒေသသို့ရောက်ရှိစဉ် ပြင်ဦးလွင်မြို့ရေရှိရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး၊ စိမ်းလန်းစိုပြည်ရေးတို့နှင့် ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးကဏ္ဍတွင် အဓိကသီးနှံများ၊ ပန်းတိုင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုနှင့် ဒေသတွင်း ဖူလုံမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများမှ MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီများစိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီမြို့တော်၊ ကျန်းမာရေးမြို့တော်ဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ အစိုးရသစ် ပထမရက် (၁၀၀) ကာလအတွင်း ဒေသနှင့်ဒေသခံတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ လျာထားဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များက နိုင်ငံတော်သမ္မတကြီးအနေဖြင့် ပြင်ဦးလွင်ဒေသအတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိမှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက ကျေးဇူးအထူးတင်ရှိလျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြင်ဦးလွင်မြို့တွင် နှစ်စဉ်သစ်ပင်စိုက်ပွဲများကို အရှိန်အဟုန်ဖြင့် ကျင်းပပြုလုပ်၍ စိုက်ပျိုးလျက်ရှိမှုနှင့် သစ်ပင်စိုက်ပျိုးမှုများကို ကျေးရွာအုပ်စု၊ ကျေးရွာခွဲများအထိ စိုက်ပျိုးစေလိုမှု၊ ပြင်ဦးလွင်မြို့တွင် ကော်ဖီနှင့် ဝိုင်ထုတ်လုပ်မှုကို One Village One Product အဖြစ်လုပ်ဆောင်လျက်ရှိပြီး အထွက်နှုန်းကောင်းမွန်သည့် အရည်အသွေးပြည့်မီသော မျိုးကောင်းမျိုးသန့်ပျိုးပင်များလိုအပ်လျက်ရှိမှု၊ ဂဲလောင်ချောင်းပြုပြင်ပြီးနောက်ပိုင်း ပြင်ဦးလွင်မြို့အတွင်း ရေကြီးရေလျှံမှုမရှိတော့သည့်အတွက် မြို့သူမြို့သားများအနေဖြင့် အထူးကျေးဇူးတင်ရှိလျက်ရှိမှု၊ ပြင်ဦးလွင်ဒေသတွင်း နွားနို့နှင့်နို့ထွက်မလိုင်၊ ထောပတ်များ ထုတ်လုပ်လျက်ရှိမှုနှင့် အရည်အသွေးပိုမိုကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများအား ပြည်ပမှ တင်သွင်းခွင့်ရရှိလိုမှု၊ ဒေသအတွင်း ကော်ဖီများစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာသည်နှင့်အညီ နည်းပညာမြင့် စက်ပစ္စည်းများအား ပြည်ပမှ တင်သွင်းခွင့်ရရှိလိုမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံငွေများ ထပ်မံထုတ်ချေးပေးစေလိုမှု၊ ကော်ဖီထုတ်လုပ်မှုတွင် ကုန်ကြမ်းအဆင့်မှ ကုန်ချောအဖြစ် ထုတ်လုပ်ရာ၌ အဆင်ပြေစေရန်အတွက် ကော်ဖီစက်ရုံများအတွက် မြေနေရာဖော်ဆောင်ပေးစေလိုမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အတိုးနှုန်းသက်သာစွာဖြင့် နိုင်ငံတော်မှ ထုတ်ချေးပေးမှုအပေါ် ကျေးဇူးတင်ရှိလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားရာတွင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ဒေသထွက်စားသောက်ကုန်များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစဉ်။

အများသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဇီးပင်ကြီး-ပြင်ဦးလွင်-ကျောက်မဲ ရထားခရီးစဉ် ပြန်လည်ပြေးဆွဲနိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် ဂုတ်ထိပ်ရှုခင်းကြည့် ရထားခရီးစဉ်အား ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ အနီးစခန်းလေဆိပ်အား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ မက်မန်းစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ကော်ဖီစက်မှုဇုန်ဆောင်ရွက်လိုမှုနှင့် စက်ပစ္စည်းများလိုအပ်မှုနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ကော်ဖီသောက်သုံးမှုများ တိုးတက်လာသည်နှင့်အညီ မြန်မာနိုင်ငံတွင်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြင်ဦးလွင်ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယာမြေများ၌ စိုက်ပျိုးမွေးမြူမှုများအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ဆောင်ရွက်ရန်လိုအပ်မှု၊ ကျေးလက်ဒေသ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သမဝါယမစနစ်ဖြင့် စုပေါင်းစိုက်ပျိုးမွေးမြူ ထုတ်လုပ်ခြင်းကို ဆောင်ရွက်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ နိုင်ငံတစ်ဝန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပြင်ဦးလွင်ဒေသအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများအား စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိမှုနှင့် ပတ်သက်၍ အသီးသီးပြန်လည်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့်မူဝါဒများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများအား ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးမှာကြား**

ယင်းနောက် နိုင်ငံတော်သမ္မတက ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယခင်က မိမိပြင်ဦးလွင်မြို့သို့ လာရောက်ခဲ့သည့် ခရီးစဉ်များအတွင်း မြို့တွင်းလမ်းများစနစ်တကျရှိရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ရပ်ကွက်ကြီး ၈ နှင့် ၁၀ အတွင်းရှိ အဓိကကျသည့် လမ်း(၅) လမ်းအား အဆင့်မြှင့်တင်ရေးဆောင်ရွက်ခဲ့ပြီး ယနေ့တွင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့တွင် ဒေသခံများရှိသကဲ့သို့ အခြားဒေသများမှ ပြောင်းရွှေ့ရောက်ရှိလာသူများလည်းရှိကြောင်း၊ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြို့တွင်နေထိုင်သူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နေထိုင်ရာ အိမ်ခြံမြေများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စိမ်းလန်းစိုပြည်မှုများရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း။

ပြင်ဦးလွင်ဒေသအနေဖြင့် ယခင်ဆယ်စုနှစ် နှစ်စုကာလခန့်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက များစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် သဘာဝကပေးထားသည့်ရာသီဥတုအေးချမ်းသာယာပြီး နေထိုင်ရန်ကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့အား ကျန်းမာရေးမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေး မိမိအနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပေါ်နေလူဦးရေများထူထပ်များပြားလာသည်နှင့်အမျှ နေ့စဉ်အမှိုက်စွန့်ပစ်မှုများလည်း များပြားလာကြောင်း၊ ထို့ကြောင့် အဆိုပါ စွန့်ပစ်အမှိုက်များကို အကျိုးရှိစွာဖြင့်ပြန်လည်အသုံးချ၍ မြို့အတွက်လိုအပ်သည့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့ဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှုများ ပိုမိုကောင်းမွန်လာမည်ဆိုပါက ပြည်တွင်း ပြည်ပ ခရီးသွားများပိုမိုများပြားစွာဖြင့် လာရောက်ကြမည်ဖြစ်ပြီး ခရီးသွားလာလည်ပတ်ရန် ကောင်းမွန်သည့်မြို့အဖြစ် ပြင်ဦးလွင်၏ ဂုဏ်ဒြပ်သည် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ခရီးသွားများ စားသုံးရန်နှင့်ဒေသတွင်းရှိပြည်သူများ စားသုံးရန်လိုအပ်သည့် အစားအသောက်များအတွက် အသား၊ ငါးနှင့် ဥများကို ဒေသတွင်း၌ပင် လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သို့ လာရောက်သည့် ခရီးသွားများ လာချင့်စဖွယ်ဖြစ်စေရေး ဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်များနှင့် ဒေသထွက်သီးနှံများ ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ရောင်းချပြီး ခရီးသွားများကို ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးခြင်း၊ ပျူငှာစွာ ဆက်ဆံခြင်းများဖြင့် ပြင်ဦးလွင်မြို့၏ ဂုဏ်သတင်းကို မြှင့်တင်ဆောင်ရွက်သွားရန် လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပန်းမျိုးစုံနှင့် ရာသီသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်သကဲ့သို့ ချယ်ရီပင်များ စိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် တင်စားခေါ်ဝေါ်ကြခြင်းဖြစ်ကြောင်း၊ ပန်းမြို့တော်အဖြစ် ဆောင်ရွက်ရာတွင် ဒေသမျိုးရင်းပန်းမျိုးများကို ပိုမိုဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ မက်မန်းစိုက်ပျိုးမှုများကိုလည်း ယခင်ကတည်းက ဆောင်ရွက်ခဲ့ကြပြီး ပြင်ဦးလွင်မြို့၏ ထုတ်ကုန်တစ်ခုအနေဖြင့် ရှိခဲ့ကြောင်း၊ မက်မန်းပင်များကို ယခုထက်ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြားဥယျာဉ် သီးနှံများဖြစ်သည့် ထောပတ်၊ လိမ္မော်၊ မက္ကဒေးမီးယားအပါအဝင် အခြားသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပိုးစာပင်များလည်း စိုက်ပျိုးဖြစ်ထွန်းသဖြင့် ပိုးစာပင်ကိုအခြေခံသည့် ပိုးချည်မျှင်ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သဖြင့် ရေရှည်အတွက်ကြည့်၍ ပြင်ဦးလွင်ဒေသ၏ ထုတ်ကုန်တစ်ခုအဖြစ် ဆောင်ရွက်သွားနိုင်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ပြင်ဦးလွင်ဒေသသည် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ပတ်သက်၍ ယခင်ကတည်းကနာမည်ရှိပြီး အရည်အသွေးလည်း ကောင်းမွန်မြင့်မားသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ထို့ကြောင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်သဖြင့် ပြင်ဦးလွင်ဒေသ၌ နို့စားနွား မွေးမြူရေးလုပ်ငန်းများ ယခုထက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ပြင်ဦးလွင်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်တောသစ်ပင်များသည် အအေးဓာတ်ကို ထိန်းသိမ်းနိုင်ခြင်းကြောင့် သစ်တောသစ်ပင်စိုက်ပျိုးထိန်းသိမ်းမှုများကို တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် စိုက်ပျိုးသွားကြရန်လိုကြောင်း၊

*စာမျက်နှာ ၅ သို့*





## ရှင်းလင်းတင်ပြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့ အဆောက်အအုံ၌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၄ မှ*

သစ်တောသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ညီညွတ်မျှတသည့် ရာသီဥတုကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ရေအရင်းအမြစ်များကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ရေလုံလောက်စွာရရှိစေရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရေကိုအကျိုးရှိစွာဖြင့် သုံးစွဲသွားကြရန်လိုကြောင်း၊ အလားတူ မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်သွားကြရန်နှင့် အမှိုက်သရိုက်များ ရှင်းလင်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်း ၂၅ ရာခိုင်နှုန်းခန့်ရှိပြီး ပညာရေးကို ကြိုးစားမြှင့်တင်နေကြကြောင်း၊ နိုင်ငံတော်မှဖွင့်လှစ်ထားသော ကျောင်းများအနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးကို အားပေးဆောင်ရွက်သွားကြစေလိုပြီး ကျောင်းများအားလုံး စနစ်တကျဖြစ်စေရေး၊ သတ်မှတ်စည်းကမ်းများနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လည်း လိုကြောင်း၊ သက်ဆိုင်ရာအတန်းအလိုက် သင်ကြားပေးလိုက်သည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်သည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် သင်ကြားပေးသွားရန်လိုကြောင်း၊ မိမိတို့၏သားသမီးများ ပညာတတ်များ ဖြစ်စေရေးနှင့် စည်းကမ်းကောင်းသည့် လူငယ်များ၊ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ၊ ဂါရဝတရားများဖြင့် နေထိုင်တတ်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းနေရာခိုင်နှုန်းမြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေးဆောင်ရွက်ပေးခြင်းဖြင့် ကလေးငယ်များ၏ တစ်ဦးချင်းဘဝ တိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပညာရေးကဏ္ဍအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ကိုလည်း ပညာရေးနှင့်ပတ်သက်၍ စံပြမြို့ဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

အားကစားကဏ္ဍနှင့်ပတ်သက်၍ ခရိုင်အားကစားကွင်းအားပြန်လည်ပြင်ဆင်ပေးလျက်ရှိပြီး ရပ်ကွက်အလိုက် အပန်းဖြေနေရာများ၊ ပန်းခြံများ၊ အားကစား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေသည့်လုပ်ငန်းခွင်အား ကြည့်ရှုစဉ်။

ကွင်းများ ဆောက်လုပ်ပေးသွားရန်လိုကြောင်း၊ ကိုယ်လက်လှုပ်ရှားအားကစားများ လုပ်ဆောင်ခြင်းဖြင့် ကလေးငယ်များ၊ လူငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်မှုများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ လူငယ်များ၏အားကစားမြှင့်တင်နိုင်ရေးအတွက် အခြေခံပညာကျောင်းများမှစတင်၍ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရပ်ကွက်များအလိုက် အားကစားကွင်းများ၊ ကလေးကစားကွင်းများနှင့် အပန်းဖြေနေရာများကို ဖော်ဆောင်ပေးသွားရန်လိုကြောင်း။

ကျေးလက်ဒေသများ၌ ကျန်းမာရေးနှင့် လျော်ညီသည့် ယင်လုံအိမ်သာနှင့် ရေလောင်းအိမ်သာများဖြစ်စေရေး လူထုလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာကြည့်တိုက်များကိုလည်း ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ အလယ်တန်းအဆင့်ကျောင်းများအားလုံးနှင့် ကျေးရွာများအလိုက် စာကြည့်တိုက်များရှိရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များအတွင်း ဗဟုသုတနှင့်အသိပညာ၊ အတတ်ပညာများရရှိစေမည့် စာအုပ်စာပေများကို ထားရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အမှန်တကယ်ဖတ်ရှုစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းပြင်ပပညာရှာမှီးရန် အထောက်အကူရသည့် အပြင် အသိပညာ၊ အတတ်ပညာရှိသည့်ပြည်သူများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများနှင့်ပတ်သက်၍ ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များရှိမှသာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည်ပင် SME လုပ်ငန်းကိုအခြေခံ၍ စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဆက်လက်၍လည်း ဆောင်ရွက်နေကြဆဲဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းကိုအသုံးပြု၍ စားသောက်ကုန်လုပ်ငန်းများ ဆောင်ရွက်ရန်လိုသကဲ့သို့ ပြည်တွင်းလိုအပ်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ထုတ်ကုန်များအား ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားငွေများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့များသည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး မြို့တစ်မြို့ချင်းစီအလိုက် ကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံကိုကောင်းအောင်တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့ မြို့ဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံများနှင့် ဒေသတွင်တာဝန်ထမ်းဆောင်နေသူများ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ပြင်ဦးလွင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်စားသောက်ကုန်များ ခင်းကျင်းပြသထားရှိမှုအပေါ် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေး–လားရှိုးလမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေသည့်လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လမ်းသစ်ဖောက်လုပ်နေမှုအား မိုးမကျမီ ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျထည့်သွင်းဖောက်လုပ်သွားရန်လိုကြောင်း၊ လမ်းနယ်အတွင်း အရိပ်ရလေကာပင်များ စနစ်တကျထည့်သွင်း စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လမ်းကြောင်းတစ်လျှောက် လမ်းဖောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ တံတားများ ထည့်သွင်းတည်ဆောက်ထားရှိမှုများနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြင်စာကျေးရွာအနီး ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့အဆောက်အအုံသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရတနာပုံမြို့သစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရတနာပုံမြို့သစ်စီမံကိန်းသို့ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ လမ်း၊ ရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး က ဒီဂျစ်တယ်မြန်မာနည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် ရရှိခဲ့သည့် အကျိုးရလဒ်များ၊ ရတနာပုံမြို့သစ်စီမံကိန်းအတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း သောက်သုံးရေများ လုံလောက်စွာရရှိရေးနှင့် လျှပ်စစ်မီးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများဖြင့် စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရန်လိုကြောင်း၊ စီမံကိန်းဧရိယာအတွင်း စိမ်းလန်းစိုပြည်ရေး၊ ရေအရင်းအမြစ်များကို အပြည့်အဝနှင့်အကျိုးရှိရှိအသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရတနာပုံမြို့သစ်စီမံကိန်းအတွင်း ဒီဂျစ်တယ်၊ အိုင်တီနှင့် အေအိုင်နည်းပညာများ တိုးတက်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများအနေဖြင့်လည်း ဒီဂျစ်တယ်၊ အိုင်တီနှင့် အေအိုင်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေမည့်အထောက်အကူပြုပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ထမ်းအိမ်ရာများ၊ သွားရေးလာရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေးအတွက်လည်း စီမံဆောင်ရွက်သွားရန်လိုပြီး Master Plan ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ Master Plan ကို စနစ်တကျရေးဆွဲပြီးမှသာလျှင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူတိုင်း အိမ်တိုင်းအတွက် ပြန်ပြည့်မြဲ စွမ်းအင်

မောင်ကောင်း

ပူလိုက်တဲ့ နေဗျာ။ ဟိုတလေတုန်းကဆို ကမ္ဘာ့အပူဆုံးမြို့တွေ စာရင်းမှာ မြန်မာနိုင်ငံက မြို့အတော်များများ ပါတာကို တွေ့လိုက်ရသေးတယ်။ တမြန်နှစ်တုန်းက လည်း မြန်မာနိုင်ငံ အလယ်ပိုင်းက မြို့တစ်မြို့ ကမ္ဘာ့အပူဆုံး စံချိန်တင်ခဲ့သေးတယ်။ ဒါက ဘယ်လိုဖြစ်လို့လဲ။ ဘာဖြစ်လို့ အရှေ့အလယ်ပိုင်းဒေသ သဲကန္တာရ ရာသီဥတုရှိတဲ့ နိုင်ငံတွေက မြို့တွေထက်တောင် မုတ်သုံရာသီဥတုရှိတဲ့ ကျွန်တော်တို့ နိုင်ငံရဲ့မြို့က ပိုပူနေတာလဲလို့ တွေးမိပါရဲ့။ ဘာပဲဖြစ်ဖြစ် ပူတာကတော့လည်း တကယ်ပူနေတာပါပဲ။

❑ လက်ရှိကျွန်တော်တို့ နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ နိုင်ငံတော်က စီမံကိန်းတွေ ဆောင်ရွက်နေပေမယ့် တစ်ဖက်ကလည်း ဓာတ်အားလိုအပ်ချက်က တစ်နှစ်ထက်တစ်နှစ် မြင့်တက်နေတာဖြစ်လို့ နိုင်ငံတော်ဓာတ်အား ကွန်ရက်စနစ်ကနေ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်ရရှိဖို့ အချိန်ယူကြိုးပမ်းဆောင်ရွက်ရဦးမယ်လို့ ခန့်မှန်းရပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အနေနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ပစ္စည်းတွေ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုပေးထားပြီး ပုဂ္ဂလိကကဏ္ဍနဲ့ တစ်နိုင်တစ်ပိုင် အိမ်သုံးဆိုလာစနစ်တွေ ပိုမိုတပ်ဆင်သုံးစွဲလာနိုင်ကြစေဖို့ အားပေးနေတာဖြစ်ပါတယ်

နေပူပြီဆို ဖြစ်လာတဲ့ ပြဿနာက မီးပြတ်တာ။ ကျွန်တော်တို့နိုင်ငံက ရေအားလျှပ်စစ်ကို အများဆုံး သုံးနေရတဲ့နိုင်ငံ။ တခြားသဘာဝဓာတ်ငွေ့တို့၊ အပူစွမ်းအင်တို့၊ နေစွမ်းအင်တို့၊ ကျောက်မီးသွေးတို့နဲ့ ထုတ်တဲ့ ဓာတ်အားတွေလည်း နည်းနည်းစီတော့ ပါတာပေါ့လေ။ ရေအားလျှပ်စစ်ဆိုတာက နွေရာသီ ရေနည်းလာပြီဆို ထုတ်လုပ်မှုကို လျှော့ချကြရတယ်။ တချို့ဆည်တွေက စိုက်ပျိုးရေးအတွက်လည်း ရေပေးနေရတာဆိုတော့ ချိန်ဆကြရပြီး ဓာတ်အားကို အပြည့်မထုတ်ပေးနိုင်တော့ဘူး။ ဒီကြားထဲ တချို့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ ဓာတ်အားလိုင်းတွေ ဖျက်ဆီးခံရတာကလည်း အခြေအနေကို ပိုဆိုးစေတာပေါ့ဗျာ။

**ဒီတော့ နွေရာသီ ရေအား လျော့လာချိန်မှာ အစားထိုးနိုင်တာက နေအားဗျ။ အများသိနေ ခေါ်နေကြတဲ့အတိုင်း ပြောရရင် ဆိုလာပေါ့ဗျာ။ နွေရောက်ပြီဆို နေ့တာက ရှည်တော့ နံနက် ၆ နာရီဆို နေထွက်နေပြီ။ ညနေ ၆ နာရီမှာ နေမဝင်သေးဘူး။ ဒီလောက်တောင် ပူတဲ့နေကနေ စက်ရုံသုံး၊ အိမ်သုံး၊ ရပ်ကွက်သုံး၊ ရွာသုံး၊ မြို့သုံးစွမ်းအင်တွေ အလျှံပယ် ထုတ်လို့ရပါတယ်။ တကယ်တော့ နေစွမ်းအင်ဆိုတာ ကမ္ဘာတည်နေသရွေ့ မကုန်ခန်းနိုင်တဲ့ စွမ်းအင်၊ အပေါများဆုံး စွမ်းအင်ပါ။**

ကျွန်တော်တို့ နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယတို့က ဆိုလာပြား (Solar Panal) တွေ အမြောက်အမြား ထုတ်လုပ်နေသလို အများအပြားလည်း သုံးစွဲနေကြတာပါ။ တရုတ်နိုင်ငံဆိုရင် ကမ္ဘာပေါ်မှာ နေစွမ်းအင်သုံးစွဲမှု အများဆုံးနိုင်ငံဖြစ်ပါတယ်။ ဆိုလာနဲ့ ပတ်သက်လို့ ကျွန်တော် စိတ်ဝင်စားမိတဲ့ နိုင်ငံကတော့ ပါကစ္စတန်နိုင်ငံပါ။ လျှပ်စစ်မီတာခတွေ အဆမတန်မြင့်မားလာတာနဲ့ ခဏခဏ မီးပြတ်တာတွေကြောင့် ပါကစ္စတန်နိုင်ငံမှာ အိမ်သုံးဆိုလာတွေ အရှိန်အဟုန်နဲ့ တပ်ဆင်လာလိုက်ကြတာ ဆိုလာတော်လှန်ရေး (Solar Revolution)လို့ ဆိုရလောက်အောင် ဖြစ်နေတယ်လို့ သတင်းတွေမှာ တွေ့ရပါတယ်။

ပါကစ္စတန်နိုင်ငံရဲ့ နေစွမ်းအင်သုံးစွဲမှု အခြေအနေကို ကြည့်ရင် ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ် ဧပြီလအထိ Net-metering လို့ခေါ်တဲ့ ပိုလျှံလျှပ်စစ်ကို ဓာတ်အားလိုင်းထဲ ပြန်သွင်းတဲ့စနစ်သုံး အိမ်ခေါင်မိုးပေါ် ဆိုလာတပ်ဆင်မှု ၅ ဒသမ ၃ GW (ဂစ်ဂါဝပ်) အထိ ရှိလာတယ်လို့ဆိုပါတယ်။ ဒါဟာ နှစ်နှစ်အတွင်း ဆိုလာသုံးစွဲမှု ၁၀ ဆလောက် တိုးလာတာ ဖြစ်တယ်လို့ သိရပါတယ်။ ၂၀၂၄ ခုနှစ်တုန်းကဆိုရင် ပါကစ္စတန်ဟာ တရုတ်နိုင်ငံက ထုတ်တဲ့ ဆိုလာပြားတွေကို ကမ္ဘာပေါ်မှာ အများဆုံးတင်သွင်းခဲ့တဲ့ နိုင်ငံဖြစ်ပြီး ဆိုလာပြား ၁၇ ဂစ်ဂါဝပ်ကျော် တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ စာရင်းအရ တရားဝင်မှတ်ပုံတင်ထားတဲ့ Net – metering သုံးစွဲသူ ၂၈၃၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။

ပါကစ္စတန်မှာ နေအိမ်သုံးဆိုလာစနစ် သုံးစွဲမှု အခုလို အရှိန်အဟုန်နဲ့ တိုးတက်လာရတာဟာ အစိုးရက ဖြန့်ဝေပေးနေတဲ့ ဓာတ်အားခနှုန်းထားတွေ ၂၀၂၂ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အတွင်း ၁၅၅ ရာခိုင်နှုန်းလောက်အထိ မြင့်တက်လာတာ၊ တချို့ဒေသတွေမှာ နေ့စဉ် ၁၆ နာရီလောက် ဓာတ်အားလျှော့ချနေရတာတွေကြောင့် ဆိုလာကို အသက်သာဆုံး အစားထိုးစရာအဖြစ် မျက်စိကျလာခဲ့ကြတာလို့ ဆိုပါတယ်။ ဒါ့အပြင် ဆိုလာပြားတွေရဲ့ ဈေးနှုန်းကလည်း အဆများစွာ ကျဆင်းသွားတာကြောင့်လည်း ပါပါတယ်။

၂၀၂၂ ခုနှစ်တုန်းက ဆိုလာတစ်ဝပ် (1 watt) ကို ရူပီး ၈၀ လောက်ရှိခဲ့ရာကနေ ၂၀၂၅ ခုနှစ် ရောက်တဲ့အခါ ၃၀ ကနေ ၃၇ ရူပီးလောက်သာ ရှိတော့တာကြောင့် ဖြစ်ပါတယ်။ အစိုးရရဲ့ မူဝါဒပိုင်းကိုကြည့်ရင်လည်း ဆိုလာပြားတွေနဲ့ အစိတ်အပိုင်းတွေ တင်သွင်းမှုအပေါ် အခွန်လျှော့ပေါ့ပေးတာ၊ ဒါမှမဟုတ် အခွန်ကင်းလွတ်ခွင့်ပေးတာတွေ လုပ်ပေးထားပြီး နေအိမ်သုံး ဆိုလာစနစ်ကနေ ပိုလျှံလာတဲ့ လျှပ်စစ်ကို နိုင်ငံတော် ဓာတ်အားလိုင်းစနစ် (National Grid) ထဲ ပြန်ရောင်းနိုင်တဲ့ Net Metering စနစ်ကို ဖန်တီးပေးထားတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း လက်ရှိ ပါကစ္စတန်ဟာ အိမ်သုံးဆိုလာစွမ်းအင် တပ်ဆင်မှု ကမ္ဘာ့အကြီးဆုံးဈေးကွက်တွေထဲမှာ တစ်ခုအဖြစ် ပါဝင်နေတာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံမှာ နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေတဲ့ ဆိုလာဓာတ်အားပေးစက်ရုံ ရှစ်ရုံရှိပြီး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၄၀ ရှိတယ်လို့သိရပါတယ်။** မင်းဘူး၊တောင်တော်ကွင်း၊သာစည်၊ သပြေဝ၊ ပွင့်ဖြူ၊ စလင်း / စေတုတ္တရာ စတဲ့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတွေက လည်ပတ်နေပြီး နိုင်ငံတစ်ဝန်းမှာ စုစုပေါင်း ၁၀၂၆ မဂ္ဂါဝပ် ထွက်ရှိမယ့် စီမံကိန်း ၁၀ ခုကျော်ကို တိုးချဲ့တည်ဆောက်နေတယ်လို့ သိရပါတယ်။

ဒေသအလိုက် သီးခြားလုပ်ဆောင်နေကြရာမှာ ကိုကိုးကျွန်းမှာ တစ်ကျွန်းလုံး ၂၄ နာရီ မီးပေးထားနိုင်မယ့် (ဆိုလာ+ဒီဇယ်) ဓာတ်အားပေးစက်ရုံ၊ ရန်ကုန်တိုင်းဒေသကြီးထဲက စက်မှုဇုန်တွေမှာရှိတဲ့ စက်ရုံတွေမှာ ခေါင်မိုးတင်၊ မြေပြင်စတဲ့ ဆိုလာဓာတ်အားပေးစနစ်တွေ တည်ဆောက်တပ်ဆင် သုံးစွဲနေကြတာကိုလည်း တွေ့ရပါတယ်။ ရန်ကုန်မှာရှိတဲ့ ဈေးဝယ်စင်တာတွေ၊ ဟိုတယ်တွေ၊ လူနေအိမ်တွေနဲ့ စက်မှုဇုန် စက်ရုံအလုပ်ရုံတွေမှာ တစ်ပိုင်တစ်နိုင် တပ်ဆင်ထားပြီး ဓာတ်အားကွန်ရက်နဲ့ ချိတ်ဆက်ထားတဲ့ အသေးစားဆိုလာစနစ်တွေကနေ အသုံးပြုပြီး ပိုလျှံတဲ့ ဓာတ်အားကို ရန်ကုန် ဓာတ်အားဖြန့်ဖြူးမှု ကွန်ရက်စနစ်နဲ့ ချိတ်ဆက်ရောင်းချနိုင်ကြတယ်၊ ရောင်းမယ်ဆိုရင် ၁ မဂ္ဂါဝပ်အထက်ကနေ ၁၀ မဂ္ဂါဝပ်အထိ 1 kwh ကို ကျပ် ၈၀၊ ကီလိုဝပ် ၁၀၀ ကနေ ၁ မဂ္ဂါဝပ်အထိ 1kwh ကို ၈၅ ကျပ်ပေးပြီး ဝယ်ယူမယ့်အကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း YESC က ၂၀၂၃ ခုနှစ် ဧပြီလအတွင်းက ထုတ်ပြန်ခဲ့ပြီး လက်ရှိ အရောင်းအဝယ်အခြေအနေတွေ ဘယ်လိုရှိသလဲ ဆိုတာတော့ သတင်းတွေမှာ မတွေ့မိသေးပါဘူး။

လက်ရှိ ကျွန်တော်တို့ နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ နိုင်ငံတော်က စီမံကိန်းတွေ ဆောင်ရွက်နေပေမယ့် တစ်ဖက်ကလည်း ဓာတ်အားလိုအပ်ချက်က တစ်နှစ်ထက်တစ်နှစ် မြင့်တက်နေတာဖြစ်လို့ နိုင်ငံတော်ဓာတ်အား ကွန်ရက်စနစ်ကနေ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်ရရှိဖို့ အချိန်ယူကြိုးပမ်းဆောင်ရွက်ရဦးမယ်လို့ ခန့်မှန်းရပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အနေနဲ့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် (Renewable Energy) ပစ္စည်းတွေ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုပေးထားပြီး ပုဂ္ဂလိကကဏ္ဍနဲ့ တစ်နိုင်တစ်ပိုင် အိမ်သုံးဆိုလာစနစ်တွေ ပိုမိုတပ်ဆင်သုံးစွဲလာနိုင်ကြစေဖို့ အားပေးနေတာဖြစ်ပါတယ်။

အိမ်သုံးဆိုလာစနစ်တစ်ခုကို ကိုယ်ကြိုက်တဲ့ အရွယ်အစား၊ ကိုယ်ကြိုက်တဲ့ ပစ္စည်းအမျိုးအစားစသဖြင့် ကိုယ်သုံးစွဲနိုင်တဲ့ ကုန်ကျစရိတ်နဲ့အညီ ရွေးချယ် တပ်ဆင်နိုင်ကြတာ ဖြစ်ပါတယ်။ အိမ်သုံးဆိုလာစနစ်(Solar Home System) တစ်ခုမှာ ဆိုလာပြားတွေ၊ ဆိုလာအင်ဗာတာ၊ ဆိုလာအားသွင်းထိန်းချုပ်ကိရိယာ (Solar Charge Controller)၊ ဘက်ထရီ၊ ဒေါက်တိုင်နဲ့ တပ်ဆင်မှုပစ္စည်းတွေ၊ ဝိုင်ယာကြိုးနဲ့ ဘေးကင်းလုံခြုံရေးပစ္စည်းတွေ (Cables & Protec-tion Devices)ဆိုပြီး ပစ္စည်း ခြောက်မျိုး ပါဝင်ပါတယ်။

အိမ်သုံးဆိုလာစနစ်ကို ပြည်သူတွေ အများအပြား အသုံးမပြုနိုင်ကြသေးတာက ကနဦးကုန်ကျစရိတ်များနေတာရယ်၊ ဆိုလာစနစ်နဲ့ ပတ်သက်ပြီး ကောင်းကောင်း မသိကြသေးတာရယ်ကြောင့် ဖြစ်မယ်လို့ ယူဆရပါတယ်။ ဒါကြောင့် အိမ်သုံးဆိုလာစနစ် တပ်ဆင်သုံးစွဲတာဟာ ကနဦး ကုန်ကျစရိတ်များပေမယ့် ရေရှည်မှာ ကုန်ကျစရိတ်နည်းပြီး အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ ၂၄ နာရီ ဓာတ်အားပြတ်တောက်မှု မရှိဘဲ စိတ်ချလက်ချ သုံးစွဲနိုင်ကြောင်း၊ မိမိက ဆိုလာစနစ်ကို ပြောင်းလဲအသုံးပြုလိုက်ရင် မိမိ သုံးစွဲနေကျ လျှပ်စစ်ဓာတ်အားကို အခြားပြည်သူ တစ်ဦး သုံးစွဲနိုင်တာမို့ မုဒိတာပွားစရာ မျှဝေမှုတစ်ခု ဖြစ်ကြောင်း၊ မိမိတစ်ဦးချင်းစီသာမက အခြားသောနိုင်ငံသားတွေအတွက်ပါ အကျိုးကျေးဇူးခံစားရစေမှာမို့ ဝိုင်းဝန်းဆောင်ရွက်ရင် အရွေ့တစ်ခုကို ရောက်ရှိမှာဖြစ်ကြောင်း စသဖြင့် အများပြည်သူ သိရှိအောင် ပညာရှင်တွေက အသိပညာဖြန့်ဝေပေးဖို့လိုမှာ ဖြစ်ပါတယ်။ လက်တွေ့တပ်ဆင်သုံးစွဲနေတဲ့ အဆောက်အအုံတွေကိုလည်း မျက်မြင်အားဖြင့် လေ့လာနိုင်အောင် နမူနာပြနိုင်မယ်ဆိုရင် ပိုပြီး စိတ်ပါဝင်စားလာကြမှာဖြစ်ပါတယ်။

နေအိမ်သုံးဆိုလာစနစ် တပ်ဆင်နိုင်ဖို့ ကနဦးကုန်ကျစရိတ်အတွက် ဘဏ်တွေ၊ ကုမ္ပဏီတွေ၊ စီးပွားရေးအဖွဲ့အစည်းတွေနဲ့ လုပ်ငန်းရှင်တွေက ငွေပေးချေစနစ် တစ်ခုခုနဲ့ ငွေကြေးစိုက်ထုတ် ပံ့ပိုးကူညီကြမယ်ဆိုရင် အိမ်သုံးဆိုလာကို ပြည်သူတွေ တွင်တွင်ကျယ်ကျယ် သုံးလာနိုင်ကြမှာပါ။ ဒီလို သုံးလာကြရင် ရန်ကုန်လို မြို့ကြီး ပြကြီးမှာ မီးပျက်တိုင်း မီးစက်တွေ ထထနှိုးနေရပြီး စက်သံတွေဆူညံ၊ မီးခိုးနံ့တွေ နံလို့ လေထုညစ်ညမ်းတာ၊ ကျန်းမာရေး ထိခိုက်ရတာမျိုးတွေ ကင်းဝေးစေမှာပါ။ ဖြစ်နိုင်ရင် ကားတွေ၊ ရထားတွေအားလုံး လျှပ်စစ်နဲ့ မောင်း၊ လိုအပ်တဲ့ဓာတ်အားကို ရေအား၊ နေအား စတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်တွေကနေယူ။ လူသွားစင်္ကြံတွေ၊ မီးပွိုင့်ဇရိယာတွေ၊ ယာဉ်ရပ်နားကွင်းတွေကို ဆိုလာပြားတွေနဲ့မိုးပြီး ဓာတ်အားထုတ်ယူ၊ ဒါဆိုရင် ခဏခဏ ပြောနေကြတဲ့ လေထုညစ်ညမ်းမှု၊ လေထုအရည်အသွေး ကျဆင်းမှုဆိုတာတွေလည်း ကင်းဝေးစေမယ်ဗျာ။ အခု ပြောနေတာတွေကို စိတ်ကူးယဉ်နေတာလို့ မထင်နဲ့ဗျ။ ကျွန်တော်တို့ နိုင်ငံရဲ့ သဘာဝပေး အခြေအနေတွေ ပြည့်စုံမှုက ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်မှာ အရှေ့တောင်အာရှရဲ့ ဦးဆောင်နိုင်ငံ တစ်နိုင်ငံ ဖြစ်လာနိုင်တယ်လို့ နိုင်ငံခြားသားပညာရှင် တစ်ယောက် ပြောထားတာရှိတယ်။

ဒါကြောင့် အိမ်သုံးဆိုလာစနစ် (Solar Home System) ကို အိမ်တိုင်းတပ်ဆင် အသုံးပြုနိုင်ဖို့ ဝိုင်းဝန်းအားထုတ် ကြိုးပမ်းကြခြင်းအားဖြင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍကို စတင်မြှင့်တင်ကြဖို့ နှိုးဆော်လိုက်ပါတယ်ဗျာ။ ။

❝ အိမ်သုံးဆိုလာစနစ်ကို ပြည်သူတွေ အများအပြားအသုံးမပြုနိုင်ကြသေးတာက ကနဦး ကုန်ကျစရိတ်များနေတာရယ်၊ ဆိုလာစနစ်နဲ့ ပတ်သက်ပြီး ကောင်းကောင်းမသိကြသေးတာရယ်ကြောင့်ဖြစ်မယ်လို့ ယူဆရပါတယ်။ ဒါကြောင့် အိမ်သုံးဆိုလာစနစ် တပ်ဆင်သုံးစွဲတာဟာ ကနဦးကုန်ကျစရိတ်များပေမယ့် ရေရှည်မှာ ကုန်ကျစရိတ်နည်းပြီး အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ ၂၄ နာရီ ဓာတ်အားပြတ်တောက်မှုမရှိဘဲ စိတ်ချလက်ချသုံးစွဲနိုင်ကြောင်း၊ မိမိက ဆိုလာစနစ်ကို ပြောင်းလဲအသုံးပြုလိုက်ရင် မိမိသုံးစွဲနေကျ လျှပ်စစ်ဓာတ်အားကို အခြားပြည်သူတစ်ဦး သုံးစွဲနိုင်တာမို့ မုဒိတာပွားစရာ မျှဝေမှုတစ်ခုဖြစ်ကြောင်း၊ မိမိ တစ်ဦးချင်းစီသာမက အခြားသောနိုင်ငံသားတွေအတွက်ပါ အကျိုးကျေးဇူးခံစားရစေမှာမို့ ဝိုင်းဝန်းဆောင်ရွက်ရင် အရွေ့တစ်ခုကို ရောက်ရှိမှာဖြစ်ကြောင်း စသဖြင့် အများပြည်သူသိရှိအောင် ပညာရှင်တွေက အသိပညာဖြန့်ဝေပေးဖို့ လိုမှာဖြစ်ပါတယ်။ လက်တွေ့တပ်ဆင်သုံးစွဲနေတဲ့ အဆောက်အအုံတွေကိုလည်း မျက်မြင်အားဖြင့် လေ့လာနိုင်အောင် နမူနာပြနိုင်မယ်ဆိုရင် ပိုပြီးစိတ်ပါဝင်စားလာကြမှာဖြစ်ပါတယ်❞

# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် မေ ၁၆**

မန္တလေးငလျင်ကြီး ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများအနက် ပြန်လည်ပြုပြင်ပြီးစီးသွားသော ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များတွင် အရာထမ်း၊ အမှုထမ်းများ ပြန်လည်နေထိုင်နေမှုအခြေအနေကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ သဇင်(၁) အဆောင်(၁၀)နှင့် သဇင်(၆) အဆောင်(၁) အပျိုဆောင်များ၊ ပညာသိဒ္ဓိရပ်ကွက်ရှိ ခရေအိမ်ရာ တိုက်အမှတ် (၁၃၂)၊ (၁၃၃)နှင့် (၁၃၄) တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်ရာနှင့် အဆောင်ဝင်းများအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ အိမ်ရာနှင့် အဆောင်စည်းကမ်းများနှင့်အညီ နေထိုင်နေမှု၊ ပြုပြင်ပြီးစီးသွားသည့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေ၊ ရေနှင့် လျှပ်စစ်မီး ရရှိမှုတို့ကို မေးမြန်းအားပေးကာ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)**

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆည်တော်နံ့ ရွှေမုဋ္ဌောစေတီတော် ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၁၆**

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ငလျင်ဒဏ်သင့် ဆည်တော်နံ့ ရွှေမုဋ္ဌောစေတီတော်အား ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ၊ ခုနစ်ရက်သားသမီးများ၏ စုပေါင်းလှူဒါန်းမှုတို့ဖြင့် ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ သာသနိက အဆောက်အအုံများ သန့်ရှင်းသပ်ရပ် ကြည်ညိုဖွယ် ဖြစ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိဘုရားဂေါပကများနှင့် အောင်မြေသာစံမြို့နယ် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ သန့်ရှင်းသပ်ရပ်ကြည်ညိုဖွယ်ဖြစ်စေရေး ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မှုပြုခဲ့ကြောင်း၊ သို့ပါ၍ ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိက အဆောက်အအုံများကို အဝင်မုခ်ဦးမှစတင်၍ ရင်ပြင်တော်တစ်လျှောက် ဂန္ဓကုဋိတိုက်များ၊ ဆီမီးခုံ၊ ဇရပ်၊ တန်ဆောင်း၊ ဘုရားစောင်းတန်း၊ ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်ရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဘုရားဂေါပကများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပဲမျိုးစုံနှင့် နှမ်းသန့်စင်စက်ရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ရွှေအားမာန်မြန်မာကုမ္ပဏီလီမိတက်၏ ပဲ၊ နှမ်းသန့်စင်စက်ရုံ၌ ကုန်ကြမ်းလက်ခံသိုလှောင်ထားရှိမှု၊ သန့်စင်မှုနှင့် ထုတ်လုပ်မှုအဆင့်ဆင့်၊ ထုပ်ပိုးမှုနှင့် စက်ကိရိယာများ အသုံးပြုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပဲ၊ နှမ်းများအား သန့်စင်ရာတွင် အရည်အသွေး စံနှုန်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်၊ အညစ်အကြေးနှင့် ပိုးမွှားကင်းစင်စေရေးအထူးဂရုပြုရန်၊ စက်ရုံများအနေဖြင့် ပြည်ပဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် အရည်အသွေးမြင့် ပဲမျိုးစုံ၊ နှမ်း ထုတ်လုပ်၍ ပြည်ပသို့ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ အစိမ်းရောင်ကုမ္ပဏီလီမိတက်၏ နှမ်းသန့်စင်စက်ရုံ၌ နှမ်းများ သန့်စင်ခြင်း၊ အရွယ်အစားရွေးခြင်း၊ အရောင်ခွဲခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းစဉ်ကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးမှု ဖူလုံစေရေး ဆောင်ရွက်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


# သံတမန်တွေ့ဆုံပွဲ (Diplomatic Coffee Morning) ကျင်းပ

**ရန်ကုန် မေ ၁၆**

နိုင်ငံခြားရေး ဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည့် သံတမန်တွေ့ဆုံပွဲ (Diplomatic Coffee Morning) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးကိုကိုကျော် တက်ရောက်ပြီး ယနေ့တွေ့ဆုံမှုကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများအကြား ချစ်ကြည်ရင်းနှီးသော ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပုံမှန်ကျင်းပနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်မှစတင်၍ ပြည်သူများက ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးချယ် တင်မြှောက်ထားသော အစိုးရ တာဝန်ယူဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ ဆက်ဆံရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေမှု၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ ပိုမိုထိရောက် အောင်မြင်နိုင်ရေး အတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အပြုသဘော ကူညီပံ့ပိုးပေးမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။





အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (MISIS) ဥက္ကဋ္ဌနှင့် မြန်မာသံအမတ်ကြီးဟောင်းများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြန်မာ့ကော်ဖီနှင့် မြန်မာနံနက်ခင်း စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မကွေးခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ

**မကွေး မေ ၁၆**

မကွေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေး မကွေးခရိုင်အတွင်း ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက လာမည့်ပညာသင်နှစ်သစ်တွင် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ရာနှုန်းပြည့်ကျောင်းအပ်နှံရေးနှင့် အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား အသိပညာ၊ အတတ်ပညာ ပြည့်စုံရုံသာမက နိုင်ငံချစ်စိတ်နှင့် အကျင့်စာရိတ္တကောင်းမွန်သည့် လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများက မိမိတို့ကျောင်းအလိုက် လုပ်ငန်းလိုအပ်ချက်များနှင့် ပညာရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့နယ်ရှိ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေး သီတင်းပတ်မတိုင်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်သိုလှောင်ရုံများ ကြည့်ရှုစစ်ဆေး



**စစ်တွေ မေ ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရေး သီတင်းပတ်မတိုင်မီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ သင်ရိုးညွှန်းတမ်း စာအုပ်များ ရောက်ရှိပြင်ဆင်ထားရှိမှု၊ ရေမိလ္လာစနစ်ကောင်းမွန်စေရေး၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နည်းပညာတက္ကသိုလ် (စစ်တွေ) ဝင်းအတွင်း သန့်ရှင်းသာယာရေးနှင့် စိုက်ပျိုးထားသော သစ်ပင်များ ရှင်သန်ကြီးထွားနိုင်ရန်အတွက် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ပင်ကျပ်များ ခုတ်ထွင်ရှင်းလင်းနေမှုနှင့် နည်းပညာတက္ကသိုလ်အတွင်းရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများရှိ သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ပြည်နယ်အစိုးအရအဖွဲ့ သိုလှောင်ရုံနှင့် ဘက်စုံသုံး ဆိပ်ကမ်းရှိ သိုလှောင်ရုံများအတွင်း ထောက်ပံ့ပစ္စည်းများ စနစ်တကျထိန်းသိမ်း သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**ထားဝယ် မေ ၁၆**

ထားဝယ်မြို့၌ ဌာနဆိုင်ရာများစုပေါင်း၍ အပတ်စဉ်ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားပစ္စည်းများ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





## Bank of China ပညာတော်သင်ဆုစီမံကိန်း (၄)နှစ်ပြည့်အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၆**

Bank of China ပညာတော်သင်ဆုစီမံကိန်း(၄)နှစ်ပြည့် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Wyndham Grand Hotel ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Ms. Ma Jia၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး Bank of China – Hong Kong ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တရုတ်ဘာသာစကားသင်တန်း သဘောတူစာချွန်လွှာကို အရှေ့ပိုင်းကိုယ်ပိုင်အထက်တန်းကျောင်း ELBC Language Center ဥက္ကဋ္ဌနှင့်တရုတ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (CFRD) မြန်မာနိုင်ငံရုံး ညွှန်ကြားရေးမှူးတို့က လက်မှတ်ရေးထိုးကြသည်။ **သတင်းစဉ်**

## သစ်တောဦးစီးဌာနမှ ရေသယံဇာတထိန်းသိမ်းရေးနှင့် ရေချွေတာသုံးစွဲရေး အသိပညာပေး



**ပေါင် မေ ၁၆**

မွန်ပြည်နယ် ပေါင်မြို့နယ် သစ်တောဦးစီးဌာနက ရက်(၁၀၀) စီမံချက်ဖြင့် ရေသယံဇာတ ထိန်းသိမ်းရေးနှင့် ရေချွေတာသုံးစွဲရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အလှပ်ကျေးရွာအုပ်စု ဆယ်အိမ်စုရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ပြုလုပ်ရာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက ရေသယံဇာတထိန်းသိမ်းရေးနှင့် ရေချွေတာသုံးစွဲရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသည့် ရွာသူ၊ ရွာသားများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည် ဖြေကြားပေးသည်။ ထို့နောက် ရေသယံဇာတထိန်းသိမ်းရေးနှင့် ရေချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## ပရဟိတလုပ်ငန်းတစ်ရပ်လို အားတက်သရော ကူညီဆောင်ရွက်

ကုမ္ပဏီကြီးတွေ၊ အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေ၊ ဘဏ်တွေက မြန်မာနိုင်ငံမှာ နေအိမ်သုံးဆိုလာစနစ် (Solar Home System) တွင်တွင်ကျယ်ကျယ် တပ်ဆင်အသုံးပြုရေးအတွက် ပရဟိတလုပ်ငန်းတစ်ရပ်လို အားတက်သရော ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးစေချင်ပါတယ်။

## မွန်ပြည်နယ်ဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် မိုးရာသီဖြန့်ဝေစိုက်ပျိုးမည့်ပျိုးပင်များ ပျိုးထောင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် မေ ၁၆**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဝင်းအတွင်း ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာ၊ စာသင်ကျောင်းဆောင်များ ပြင်ဆင်ထားရှိမှု၊ ကျောင်းအပ်နှံရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သစ်တောဦးစီးဌာန၏ မြို့မပျိုးဥယျာဉ်(၁) နှင့် မြိုင်သာယာပျိုးဥယျာဉ်တို့တွင် မိုးရာသီဖြန့်ဝေစိုက်ပျိုးမည့်ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ဆက်လက်၍ မုဒုံမြို့နယ် ညောင်ကုန်းကျေးရွာ အခြေခံပညာအထက်ကျောင်း၌ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်း၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**ဘားအံ မေ ၁၆**

ကရင်ပြည်နယ်၏ မြို့တော်ဘားအံမြို့ကို သန့်ရှင်းသာယာလှပသော အစိမ်းရောင်ခရီးသွား မြို့တော်ဖြစ်စေရေး ယနေ့ နံနက်ပိုင်းက ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ)နှင့် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကြည့်ရှုအားပေးပြီး သန့်ရှင်းသပ်ရပ်သော ဝန်းကျင်ကောင်းများအဖြစ် ဖန်တီးပေးရေး မှာကြားသည်။

ထို့နောက် သံလွင်မြစ်ရေကြီးရေလျှံမှုလျော့နည်း သက်သာစေရေး ဘားအံ – ကော့ထော်ရွာသစ် မြစ်ရေလျှံရေကြီးမှု ကာကွယ်ရေးတာတည်ဆောက်မည့်စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း (ဘားအံမြို့) ၌ ကျင်းပသည့် ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်များကို အခြေခံ ထုတ်လုပ်သော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တင်ရေး ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၆**

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညိုသည် ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ဘက်စုံအဆင့်မြှင့်တင်ရေး လုပ်ငန်းလုပ်ကိုင်နေသောလုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် နိုင်ငံတော်အတွက် ပြည်ထောင်စုစိတ်ဓာတ်တိုးတက်ခိုင်မာစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သရုပ်ဖော်ရာတွင် အဓိကကျသော ပုံရိပ်တစ်ခုဖြစ်သည့်အတွက် အဆင့်မြှင့်တင်နိုင်ရေး လိုအပ်သည်များကို တင်ပြဆောင်ရွက်ကြ စေလိုကြောင်း ပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းရင်းသားကျေးရွာ(ရန်ကုန်)နှင့် သန်လျင်မြို့ရှိ ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်



## မုန်တိုင်းသဏ္ဍာန်တူ ရေပြင်အသက်ကယ် သရုပ်ပြလေ့ကျင့်

**ရေး မေ ၁၆**

မွန်ပြည်နယ် ရေးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဦးဆောင်မှုဖြင့် မုန်တိုင်းသဏ္ဍာန်တူ ရေပြင်အသက်ကယ် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကြီးအောင်ရပ်ကွက် မြကန်သာကျုံး၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲကောင်းထက်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့ဝင်များ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့ဝင်များက မုန်တိုင်းသဏ္ဍာန်တူ ရေပြင်အသက်ကယ်သရုပ်ပြလေ့ကျင့်မှုအနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို သရုပ်ပြလေ့ကျင့်ကြသည်။

ထို့နောက် ခေတ္တတပ်နယ်မှူး ဒုတိယ ဗိုလ်မှူးကြီး ကျော်သူဝင်းက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ဆောင်ရွက်ထားရှိရမည့်အချက်များကို ဖြည့်စွက်မှာကြားပြီး လူမှုရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်ငါးသိန်းပေးအပ်ခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ





## စေတုတ္တရာမြို့နယ်၌ သီးနှံတိုးချဲ့ စိုက်ပျိုးရေးအတွက် ကော်ဖီမျိုးစေ့နှင့် ပျိုးပင်များ အခမဲ့ပေးအပ်

**စေတုတ္တရာ မေ ၁၆**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် ကော်ဖီမျိုးစေ့နှင့် ပျိုးပင်များ အခမဲ့ ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၄ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးမြစံက အရည်အသွေးကောင်း ကော်ဖီထုတ်လုပ်ရေး ရေရှည်တည်တံ့သည့် ကော်ဖီစိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီး မှူးတို့က တောင်သူများအား ကော်ဖီမျိုးစေ့နှင့် ပျိုးပင်များ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

ဆန်းကိုကို(ပြန်/ဆက်)

## မြန်အောင်၌ ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

**မြန်အောင် မေ ၁၆**

မြန်အောင်မြို့နယ်တွင် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို မေ ၁၂ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြန်အောင်ဘဏ်ခွဲ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို လယ်ယာလုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးပြုရန် ပြောကြားသည်။

ထို့နောက် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာက ချေးငွေစာချုပ်ပါ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၇၃ အုပ်စုရှိ တောင်သူ ၁၀၀၀၀ ကျော်တို့၏ လယ်ယာမြေ ဧက ၇၂၀၀၀ အတွက် ငွေကျပ်သန်း ၂၁၆၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ရွှေဘိုပေါ်ဆန်း အရည်အသွေးထိန်းသိမ်းခြင်းဖြင့် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရမည်

ဇာဇာမင်း(ရွှေဘို)

အမိမြန်မာနိုင်ငံတော်၏ စီးပွားရေးကဏ္ဍသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိက စိုက်ပျိုးထုတ်လုပ်သော နိုင်ငံဖြစ်သည်နှင့်အမျှ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံးက အဓိက အစားအစာအဖြစ် ဆန်စပါးကို နေ့စဉ်စားသုံးကြပါသည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏အဓိကကျသော စားသုံးကုန်သီးနှံဖြစ်သကဲ့သို့ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်သော မဟာဗျူဟာမြောက်သည့် စိုက်ပျိုးရေးထွက်ကုန်တစ်ခုလည်း ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးရှိ သီးနှံစိုက်ပျိုးဧရိယာအားလုံး၏ ၃၄ ရာခိုင်နှုန်း၊ စိုက်ဧကအားဖြင့် ဧက ၁၇ သန်း ဝန်းကျင်၊ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး စိုက်ပျိုးထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းသည် ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်ရာတွင် အသုံးပြုကာ ကျန်ရှိသော ၂၀ ရာခိုင်နှုန်းသည် ပြည်ပသို့ နှစ်စဉ်တင်ပို့နေခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ တတိယ စပါးကျီတစ်ခုဖြစ်သကဲ့သို့ ရွှေဘိုခရိုင်သည် စစ်ကိုင်းတိုင်းဒေသကြီး၏ ပထမစပါးကျီအဖြစ် ရပ်တည်နေသည်နှင့်အမျှ စပါးသီးနှံကို အဓိကထား စိုက်ပျိုးလျက်ရှိပြီး မိုးစပါးကို နှစ်စဉ်ဧက သုံးသိန်းကျော် စိုက်ပျိုးထုတ်လုပ်သည်။ ရွှေဘိုပေါ်ဆန်းစပါးကို ဧက နှစ်သိန်းကျော် စိုက်ပျိုးလျက်ရှိပါသည်။

**ပေါ်ဆန်းစပါးမျိုး ရွှေဘိုဒေသ ရောက်ရှိ**

ပေါ်ဆန်းစပါးမျိုးကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာမှတောင်သူ ဦးထွန်းရီ၊ ဒေါ်ကြည်ညွှန့်တို့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဖုံလုံကျေးရွာသို့ သွားရောက်၍ လေးပြည် ယူဆောင်ခဲ့ပြီး စတင်စမ်းသပ်စိုက်ပျိုးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ပေါ်ဆန်းစပါးမျိုးသည် ရေ၊ မြေဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းကာ ဆန်အရည်အသွေးနှင့် စားသုံးမှုကောင်းခြင်းကြောင့် လူကြိုက်များလာခဲ့ပြီး ဒေသတောင်သူများ အချင်းချင်း မျိုးဖလှယ်၍ တစ်စတစ်စ ပိုမိုများပြားစိုက်ပျိုးလာကြသည်။

၂၀၀၃ ခုနှစ်တွင် ရွှေဘိုဒေသမှ မိုးကုတ်ဒေသသို့ တင်ပို့ရောင်းချခြင်းဖြင့် ဈေးကွက်စတင်ဖြစ်ထွန်းလာခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ချီပါမျိုးသန့်ခြံ၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပေါ်ဆန်းစပါးမျိုး တင်း ၆၀ ရယူမျိုးပွားခဲ့ခြင်း၊ ၂၀၀၆ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး သရောင်းချောင်း မျိုးသန့်ခြံမှ စပါးမျိုးတင်း ၁၅၀ ရယူမျိုးပွားခဲ့ခြင်း၊ ဖျာပုံမြို့နယ် အောက်ကွင်းကြီး စိုက်ကွင်းမှ ၁၅ တင်း ရယူမျိုးပွားခဲ့ခြင်းတို့ကြောင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးလာကြပြီး အကျိုးဆောင် တောင်သူများဖြင့် မျိုးသန့်ပွားများရေး ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်မှ စတင်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ မျိုးများ မှာယူခဲ့ပြီး ချီပါမျိုးသန့်ခြံ၌ နှစ်စဉ်ရွှေဘိုပေါ်ဆန်းစပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးခြင်းဖြင့် အခုအချိန်တွင် ရွှေဘိုခရိုင်အတွင်း ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ဧရိယာ အများဆုံး တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေသည်ကို မြင်တွေ့နေရပြီဖြစ်ပါသည်။

**မျိုးသန့်စိုက်ပျိုးထုတ်လုပ်ပွားများမှု**

ရွှေဘိုမြို့နယ် သီးလုံးကျေးရွာ၌ စတင်စမ်းသပ်စိုက်ပျိုးရာမှ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာခဲ့သော ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ခရိုင်အတွင်းမှ မျိုးသန့်ခြံများ၊ မျိုးစေ့ထုတ်လုပ်သူအသင်းများ၊ ပုဂ္ဂလိက မျိုးစေ့ထုတ်ကုမ္ပဏီများ၊ အကျိုးဆောင်တောင်သူများ၊ တောင်သူအချင်းချင်း မျိုးဖလှယ်မှု စသည့် နည်းလမ်းမျိုးစုံဖြင့် မျိုးသန့် နှစ်စဉ်စိုက်ပျိုးထုတ်လုပ်ပြီး ယခုအချိန်၌ ရွှေဘိုပေါ်ဆန်းစပါး အရည်အသွေးကောင်းမှ ဈေးကောင်းရရှိမည်ဖြစ်သည့်အတွက် တောင်သူများကိုယ်တိုင် စိတ်ပါဝင်စားစွာ မျိုးသန့်စိုက်ပျိုးထုတ်လုပ်ခြင်းကို လုပ်ကိုင်လာကြပြီဖြစ်သောကြောင့် ရွှေဘိုတစ်ခရိုင်လုံးရှိ ရွှေဘိုပေါ်ဆန်း စိုက်ဧရိယာ၏ ၈၀ ရာခိုင်နှုန်းသည် မျိုးသန့် လွှမ်းခြုံနေပြီ ဖြစ်သည်။

ရွှေဘိုဒေသသည် ရွှေဘိုပေါ်ဆန်းစပါးကို မစိုက်မီကာလများက မနော်ဟရီ၊ မနောသုခ၊ ဆင်းသိင်္ဂီ စသည့် စပါးမျိုးတွေကို စိုက်ပျိုးခဲ့ကြပြီး အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရရှိသည့်အတွက် တောင်သူများ၏ဝင်ငွေအကျိုးအမြတ်ရရှိမှု နည်းပါးခဲ့ပါသည်။ ရွှေဘိုပေါ်ဆန်း စတင်

> **“ ရွှေဘိုပေါ်ဆန်း မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးသည့် စိုက်ခင်းများမှ ထွက်ရှိသည့် စပါးမျိုးများက အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဆန်ထွက် ရာခိုင်နှုန်းကောင်းမွန်ခြင်း၊ ဆန်ရည်ဆန်သား ကောင်းမွန်ခြင်း တို့ကြောင့် ဈေးကွက်ပိုမိုရရှိသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ တောင်သူလယ်သမားများနှင့် ဆန်စက်လုပ်ငန်းရှင်များပူးပေါင်း၍ ဆန်အရည်အသွေး မြှင့်တင်ရေးအတွက် မျိုးကောင်းမျိုးသန့် ပိုမိုသုံးစွဲနိုင်ရေးကိုလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သလို ရွှေဘိုပေါ်ဆန်းဆန် အရည်အသွေးကောင်းရရှိရေး အထူးအလေးထားဆောင်ရွက်ရန် လိုအပ် ”**

စမ်းသပ်စိုက်ပျိုးရာမှသည် တစ်စတစ်စ တိုးချဲ့စိုက်ပျိုးလာသည့်အတွက် ယခုအချိန်၌ ဆည်ရေသောက် ဧရိယာ၏ ၉၀ ရာခိုင်နှုန်းက ရွှေဘိုပေါ်ဆန်းစပါးကို စိုက်ပျိုးနေကြပြီဖြစ်သည်။ ပေါ်ဆန်းစပါး ဈေးကွက်ကောင်းရရှိနေမှုကြောင့် မြန်မာနိုင်ငံဒေသအနှံ့အပြား၌လည်း တိုးချဲ့စိုက်ပျိုးနေကြကြောင်း သိရသည်။

**အထွက်နှုန်းကောင်း**

ရွှေဘိုပေါ်ဆန်းစပါးမျိုးသည် ရာသီစပါးဖြစ်သည့်အတွက် စိုက်ချိန်ကွာခြားသော်လည်း ရိတ်သိမ်းချိန် လွန်စွာမကွာခြားသော စပါးမျိုးများ ဖြစ်သည်။ ရွှေဘိုပေါ်ဆန်းစပါး အထွက်တိုးနည်းပညာများကို စနစ်တကျလိုက်နာ ဆောင်ရွက်ကြရန်လိုအပ်သည်။ ရွှေဘိုပေါ်ဆန်းစပါး အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းရရှိရေးအတွက် လိုက်နာကျင့်သုံးရန်လည်း စဉ်ဆက်မပြတ် ပညာပေးဆောင်ရွက်လျက်ရှိသည်။ ရွှေဘိုခရိုင်သည် မိုးစပါး၊ နွေစပါး နှစ်စဉ်ဆက်တိုက် စိုက်ပျိုးကာ စပါးဆစ်ပိုးကာကွယ်နှိမ်နင်းရေးလုပ်ငန်းကိုလည်း အလေးထားလိုက်နာဆောင်ရွက်ကြသည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူလယ်သမားများပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့ကာလ၌ ရွှေဘိုပေါ်ဆန်းစပါးသည် ဆစ်ပိုးကင်းလွတ်၍ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း ရရှိနေပြီဖြစ်သည်။

ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက အထွက်တိုးနည်းလမ်းများဖြစ်သည့် မျိုးကောင်းမျိုးသန့်စပါးကို အသုံးပြုစိုက်ပျိုးခြင်း၊ သက်တမ်း ၅ လမကျော်အောင် စိုက်ပျိုးခြင်း၊ သတ်မှတ်ကောက်ကွက် ပြည့်မီအောင် အထူးဂရုပြု စိုက်ပျိုးခြင်း၊ ပျိုးသက်မှန်၊ လက်ဆမှန်စိုက်ပျိုးခြင်းများအပြင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက်၊ အချိုးကျထည့်သွင်းအသုံးပြုခြင်းဟူသည့် နည်းလမ်း ၅ ချက်ကို စနစ်တကျလိုက်နာကျင့်သုံးဆောင်ရွက်သကဲ့သို့ အရည်အသွေးကောင်းမွန်ပြီး မွှေးရနံ့ဖြစ်ပေါ်စေသော ဓာတ်(aroma)ကို လွှမ်းမိုးထားသောအချက်များဖြစ်သည့် နေ့ညအပူချိန်ကွာဟချက်ဖြစ်ပေါ်ချိန်တွင် ပန်းပွင့်စေရန် စိုက်ပျိုးချိန်ကို ချိန်ညှိစိုက်ပျိုးခြင်း၊ ရေသွင်းရေထုတ်စနစ်တကျ မှန်ကန်မြန်ဆန်စွာပြုလုပ်ခြင်းဖြင့် မြေချဉ်နေ့ကိုက်နှင့်ကို ထိန်းညှိခြင်း၊ ရိတ်သိမ်းခြွေလှေ့ပြီး စပါးများကို မွှေးရနံ့ဓာတ်ပျံ့လွင့်မှုမရှိစေရန် နေရောင်တွင် တိုက်ရိုက်နေလှန်းအခြောက်ခံခြင်းကို မပြုလုပ်စေဘဲ အခြောက်ခံစက်များတွင် အခြောက်ခံပြီးမှသာ ကြိတ်ခွဲရမည်ဖြစ်ပါသည်။ အဆိုပါ မွှေးရနံ့ဓာတ်ကို လွှမ်းမိုးသော အချက်များ သိရှိပြီး လိုက်နာဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ အရည်အသွေးကောင်း ဆန်များရရှိသည့်အပြင် ဓာတ်မြေဩဇာများကို အချိန်ကိုက်၊ အချိုးကျ၊ မှန်ကန်စွာ အသုံးပြုခြင်း၊ အခြောက်ခံစက်များတွင် စနစ်တကျ အခြောက်ခံ ကြိတ်ခွဲခြင်း ၊ မွှေးရနံ့ဓာတ်ဖြစ်ပေါ်မှုထိန်းသိမ်းနိုင်ခြင်း စသည့်အချက်များကြောင့် ရွှေဘိုပေါ်ဆန်း ဆန်ချက်ပြုတ်ရာတွင် ထမင်းသည် ထမင်းအလျား ရှည်သွယ်ခြင်း၊ အိုးတက်ခြင်း၊ နူးညံ့ပျော့ပျောင်းပြီး စားကောင်းခြင်း၊ အနံ့မွှေးခြင်းတို့ကြောင့် စားသုံးသူပြည်သူများ ကြိုက်နှစ်သက်မှုများပြားလာပြီး ဈေးကွက်ရရှိလာခြင်းဖြစ်သည်။

**ရွှေဘိုပေါ်ဆန်းဆန် အရည်အသွေး**

ရွှေဘိုပေါ်ဆန်းစပါးမျိုးသည် ရွှေဘိုဒေသ၏ ရေမြေဒေသနှင့်ကိုက်ညီမှုရှိသည့်အပြင် ဆည်ရေနှင့်စိုက်ပျိုးရခြင်း၊ နေရောင်ခြည်ရရှိမှုများခြင်းတို့ကြောင့် အနံ့မွှေး၍ နူးညံ့ပျော့ပျောင်းပြီး စားသုံးမှု အရည်အသွေးကောင်းမွန်ခြင်း၊ အစိုမပြန် အစေးမပေါက်ခြင်းနှင့် အိုးတက်ခြင်း စသည့် ထူးခြားကောင်းမွန်မှုတို့ကြောင့် ဈေးကွက်ခိုင်မာလျက်ရှိနေပြီး ရွှေဘိုဒေသ တောင်သူများ၏အဓိကအားထားရာ စပါးအဖြစ် ရပ်တည်လျက်ရှိပါသည်။

ရွှေဘိုပေါ်ဆန်းဆန် အရည်အသွေးကောင်းရရှိရန် အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်လှသည်။ ဓာတုပိုးသတ်ဆေးများသုံးစွဲမှုကို လျှော့ချပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

ရွှေဘိုပေါ်ဆန်း မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးသည့် စိုက်ခင်းများမှထွက်ရှိသည့် စပါးမျိုးများက အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဆန်ထွက်ရာခိုင်နှုန်းကောင်းမွန်ခြင်း၊ ဆန်ရည်ဆန်သား ကောင်းမွန်ခြင်းတို့ကြောင့် ဈေးကွက်ပိုမိုရရှိသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ တောင်သူလယ်သမားများနှင့် ဆန်စက်လုပ်ငန်းရှင်များ ပူးပေါင်း၍ ဆန်အရည်အသွေး မြှင့်တင်ရေးအတွက် မျိုးကောင်းမျိုးသန့် ပိုမိုသုံးစွဲနိုင်ရေးကိုလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သလို ရွှေဘိုပေါ်ဆန်းဆန်အရည်အသွေးကောင်းရရှိရေး အထူးအလေးထား ဆောင်ရွက်ရန်လိုအပ်သည်။

ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုပေါ်ဆန်းစပါးများကို ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့ပြီး စက်ရုံများရှိ အခြောက်ခံစက်များတွင် အခြောက်ခံပြီးနောက် အဆင့်မြင့်ဆန်စက်ကြီးများတွင် ကြိတ်ခွဲခြင်းကို ဆောင်ရွက်ပါသည်။ အဆင့်မြင့်ဆန်စက်ကြီးများမှ ကြိတ်ခွဲပြီးဆန်များကို အရည်အသွေး ပိုမိုကောင်းမွန်စေရန်အတွက် ဆန်ရွေးစက် (Color Sorter)တွင် ရွေးချယ်၍ ရွှေဘိုပေါ်ဆန်းဆန်ကို အိုးဝင်ထူးထူးရှယ်၊ ဆန်လတ်ကြီး၊ ဆန်လုံး( အသေး)၊ ဆန်ကျော်၊ ဆန်လတ်(အသေး)နှင့် စွန့်သန့်ဆန်များကို ရရှိသည်။

ရရှိလာသော ဆန်ထွက်ပစ္စည်းများအနက် အိုးဝင်ထူးထူးရှယ်များကို ၁ ကီလိုအိတ်၊ ၂ ကီလိုအိတ်၊ ၃ ကီလိုအိတ်၊ ၆ ကီလိုအိတ်၊ ၁၂ ကီလိုအိတ်၊ ၂၄ ကီလိုအိတ်နှင့် ၄၈ ကီလိုအိတ် စသည့် အရွယ်အစားအမျိုးမျိုးဖြင့် ထုပ်ပိုးပြီး မြန်မာပြည်အနှံ့ ဈေးကွက်များနှင့် စူပါမားကတ်များသို့ ပို့ဆောင်ဖြန့်ဖြူးရောင်းချပေးနေပါသည်။ ရွှေဘိုပေါ်ဆန်းဆန်၏ ဈေးကွက်ခိုင်မာမှုကြောင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင်လည်း တိုးချဲ့စိုက်ပျိုးကြရန် အလားအလာကောင်းများ ရှိနေပါသည်။

**အရည်အသွေးဆက်လက်ထိန်း**

ရွှေဘိုပေါ်ဆန်းစပါးနှင့်ဆန်များ၏ ထူးခြားကောင်းမွန်သည့်လက္ခဏာနှင့် အရည်အသွေးသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသောကြောင့် စပါးအထွက်နှုန်းကောင်းခြင်း၊ ဆန်ရည်ဆန်သား ကောင်းမွန်ခြင်း၊ စပါးစေ့ကြွေကျမှုနည်းသည့်အတွက် လေလွင့်ဆုံးရှုံးမှုသက်သာခြင်း၊ ဆန်ကို ချက်ပြုတ်ရာတွင် အမြင်လှပပြီး ထမင်း အလျားရှည်သွယ်ခြင်း၊ အိုးတက်ခြင်း၊ နူးညံ့ပျော့ပျောင်းပြီး စားကောင်းခြင်း၊အနံ့မွှေးခြင်း၊ ဈေးကွက်ခိုင်မာခြင်းများကြောင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံတွင် “ကမ္ဘာ့အကောင်းဆုံးဆန်” World Best Rice အဖြစ် ရွေးချယ်သတ်မှတ်ခံရပါသည်။

ထို့အတွက် ရွှေဘိုပေါ်ဆန်းဆန်သည် လူသိများ ဈေးကွက်ဝင်ခဲ့ပါသည်။ ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်ရာတွင်လည်း မျိုးကောင်းမျိုးသန့်မျိုးစေ့များကို အသုံးပြုပြီး မှန်ကန်သော စိုက်နည်းစနစ်များ၊ သွင်းအားစုများ စနစ်တကျအသုံးပြုစိုက်ပျိုးပြီး အထွက်နှုန်းကောင်းသည့်အပြင် အရည်အသွေးပါ ကောင်းမွန်သည့် စပါးများရရှိရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)စနစ်ကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ရွှေဘိုခရိုင်တွင် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များနှင့် ဖွဲ့စည်းထားရှိပြီး ရွှေဘိုပေါ်ဆန်းဆန် ( ဒေသဆိုင်ရာ အညွှန်း Geographical Indication –GI)ရရှိရေး လုပ်ငန်းစဉ်များ ပြင်ဆင်ဆောင်ရွက်နေခြင်းသည် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး GI ရရှိရန်ကိုလည်း အထူးအလေးထား ဆက်လက်ကြိုးပမ်းဆောင်ရွက်နေပါသည်။

နိုင်ငံတော်အစိုးရက ပေါ်ဆန်းစပါး စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာ့ပေါ်ဆန်းဆန်အဖြစ် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်တင်ပို့ ရောင်းချနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် လုပ်ငန်းကွင်းဆက်တစ်လျှောက်လုံးတွင် ပါဝင်ဆောင်ရွက်နေသော တောင်သူလယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဆက်စပ်ဌာနဆိုင်ရာများအားလုံး မြန်မာ့ပေါ်ဆန်းအဖြစ် တစ်ခေတ်ဆန်းစေရန်အတွက် အရည်အသွေး ဆက်လက်ထိန်းသိမ်းရေး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများမှ သင်တန်းသားများ နေပြည်တော်ကောင်စီနယ်မြေသို့ရောက်ရှိ

**နေပြည်တော် မေ ၁၆**

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀) နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၉)သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ တွင် စုစုပေါင်းသင်တန်းသား ၁၀၄၄ ဦးဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၇ ရက်မှစတင်၍ သင်ကြားပို့ချလျက်ရှိသည်။



မိတ္ထီလာမြို့ရှိ မြန်မာပြည် မြောက်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား ၅၃ဦး၊ မိတ္ထီလာသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား ၆၃ ဦး၊ ပြည်မြို့ရှိပြည်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၄ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀၊ မော်လမြိုင်မြို့ရှိမော်လမြိုင်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၀၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ၅၀ ၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၀၊ တောင်ငူမြို့ရှိ တောင်ငူသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ၆၀ ၊ လွိုင်ကော်မြို့ရှိလွိုင်ကော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၅ ဦး၊ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၁၊ မကွေးမြို့ရှိ မကွေးသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ၅၀၊ မုံရွာမြို့ရှိ မုံရွာသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၅၀ ၊ ဟုမ္မလင်းမြို့ရှိဟုမ္မလင်းသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၅၀၊ ပုသိမ်မြို့ရှိပုသိမ်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၃ ဦး၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၆၅ ဦး၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀ ၊ မန္တလေးမြို့ရှိ မန္တလေးသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ၅၀ ၊ ကိုကိုးကျွန်းမြို့ရှိ ကိုကိုးကျွန်းသင်တန်းစခန်းမှ အခြေခံ လေကြောင်းလူငယ်သင်တန်းသား ၂၀ နှင့် အုပ်ချုပ်သူ/နည်းပြများသည် လေယာဉ်/ ရဟတ်ယာဉ် လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ရန်နှင့် စုပေါင်းသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပပြုလုပ်ရန် အတွက် နေပြည်တော်ကောင်စီနယ်မြေသို့ ယနေ့တွင် တပ်မတော်လေယာဉ်များ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် စုံလင်စွာရောက်ရှိကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခြင်းနှင့် ကြိုဆိုနှုတ်ဆက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများ စခန်းပေါင်းစုံတွေ့ဆုံပွဲနှင့် စွမ်းရည်ပြိုင်ပွဲများပြုလုပ်



**နေပြည်တော် မေ ၁၆**

တပ်မတော်(ရေ)က ၂၀၂၆ ခုနှစ် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၆)စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူ ၈၀၀ တို့သည် ရန်ကုန်မြို့ရှိ နယ်မြေခံရေတပ်စခန်း ဌာနချုပ်၌ စခန်းပေါင်းစုံတွေ့ဆုံပွဲပြုလုပ်ကြသည်။

ထို့နောက် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများကို နယ်မြေခံရေတပ်စခန်းဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၊ စစ်ရေးပြကွင်းနှင့် အမှတ်(၄) ရေတပ်ဗဟိုတံတားတို့၌ ပြုလုပ်ရာ တပ်မတော်အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများတက်ရောက်ကြသည်။ ပြိုင်ပွဲတွင် နေပြည်တော်စခန်းတန်းခွဲ (၁)၊ နေပြည်တော်စခန်းတန်းခွဲ (၂)၊ ပုသိမ်စခန်း၊ ဟိုင်းကြီးစခန်း၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ မန္တလေးစခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်းတို့မှ သင်တန်းသား သင်တန်းသူများက သင်တန်းအလိုက် စစ်ရေးပြပြိုင်ပွဲများ၊ ရေတပ်သားဘာသာရပ်ဆိုင်ရာ ရေး/ဖြေစာမေးပွဲ၊ ကြိုးချည်ကြိုးထိုးလက်တွေ့ပြိုင်ပွဲ၊ ရေတိုင်းခြင်း လက်တွေ့ပြိုင်ပွဲနှင့် ပွဲစင်တပ်ဖွဲ့ တာဝန်ဖွဲ့စည်း ဆောင်ရွက်မှု လက်တွေ့ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ဒုတိယ မြန်မာ၊ တတိယမြန်မာ၊ Men's Senior Bodybuilding 60kg ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ မြန်မာ၊ တတိယဗီယက်နမ်၊ Men's Senior Bodybuilding 65kg ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ထိုင်း၊ တတိယဗီယက်နမ်၊ Men's Senior Bodybuilding 70kg ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မလေးရှား၊ တတိယမြန်မာ ၊ Men's Master Bodybuilding Over 45 years ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ဖိလစ်ပိုင်၊ တတိယမြန်မာ ၊ Men's Sports Physique Up to 170 cm ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ထိုင်း၊ တတိယ မလေးရှား၊ Men's Sports Physique over 170 cm ပြိုင်ပွဲတွင် ပထမ ထိုင်း၊ ဒုတိယ မြန်မာ၊ တတိယလာအို၊ Men's Fitness Physique One open Category ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ဗီယက်နမ်၊ တတိယဗီယက်နမ်၊ Women's Fitness Physique One open Category ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့က တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် Trophy တို့ကို ပေးအပ်သည်။

### ဆက်လက်ယှဉ်ပြိုင်မည်

ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ငါးခုနှင့် ကြေးတံဆိပ်သုံးခုရရှိပြီး နိုင်ငံအလိုက် အဆင့် ၁ နေရာတွင် ရပ်တည်လျက်ရှိပြီး မေ ၁၇ ရက်တွင် Event အမျိုးအစား ၁၂ မျိုးအား ပြိုင်ပွဲဝင်နိုင်ငံများက ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါအားကစားပြိုင်ပွဲကို မေ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် (SEABPF) ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit နှင့် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် (WBPF) ဥက္ကဋ္ဌ Mr. Datuk Paul Chua တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက WBPF ၏ ဂုဏ်ထူးဆောင်ဆုများကို ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်မှ ထူးချွန်စွာတာဝန်ထမ်းဆောင်သူ လေးဦး၊ ဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုရရှိသူ အားကစားသမား သုံးဦး၊ ငွေတံဆိပ်ဆုရရှိသူ သုံးဦးနှင့် ကြေးတံဆိပ်ဆုရရှိသူ ငါးဦးတို့ကို ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများသည် စင်မြင့်ထက်မှ ပြန်လည်ထွက်ခွာပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများက မြန်မာ့ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။ တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏။**

# အက်စ်တွန်ဗီလာက နာမည်ကြီး လီဗာပူးကို အနိုင်ယူပြီး လာမည့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရ

ပရီမီယာလိဂ်ပွဲစဉ် (၃၇) တွင် အက်စ်တွန်ဗီလာ အသင်းသည် နာမည်ကြီး လီဗာပူးအသင်းကို အကြိတ်အနယ်ကစားပြီး လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သောကြောင့် လာမည့်ရာသီ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။ အဆိုပါပွဲစဉ်ကို မေ ၁၆ ရက် နံနက် ၁ နာရီခွဲက ဗီလာပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

အက်စ်တွန်ဗီလာ အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့သော တိုက်စစ်ကစားသမား ဝတ်ကင်စ်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ် သွင်းဂိုး ၁၄ ဂိုးအထိ ရှိလာပြီလည်းဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းသည် လာမည့် မေ ၂၁ ရက် နံနက်ပိုင်းတွင် ယူရိုပါလိဂ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဂျာမန်ကလပ် ဖရိုင်းဘတ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယင်းနောက် မေ ၂၄ ရက်တွင် ရာသီသိမ်းပွဲစဉ်အဖြစ် နာမည်ကြီး မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**



ကွင်းလယ်တိုက်စစ်ကစားသမား ရော်ဂျာစ် အက်စ်တွန်ဗီလာအသင်းတွက် ဦးဆောင်ဂိုးသွင်းယူစဉ်။

# ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာနှင့်ပတ်ဝန်းကျင်ရပ်ကွက်များရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်




**နေပြည်တော် မေ ၁၆**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာရှိ နန္ဒဝန်ကျောင်းတိုက်ဓမ္မာရုံ၌ အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၉၈ ဦးကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် ပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲများ ကျင်းပ

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် နှစ် (၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ်အဖြစ် ကျင်းပလျက်ရှိသည့် Build Smart and Biggest Myanmar Production ကုန်စည်ပြပွဲအခမ်းအနားတွင် " Engineering Technology & Construction Industry Developments Past, Present & Future " ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာ ဆွေးနွေး ဟောပြောပွဲများကို ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC) ၌ ကျင်းပလျက်သည်။



အဆိုပါ ဟောပြောပွဲတွင် မေ ၁၅ ရက်က ဆရာ ဦးစောထွေးဇော်က " Engineering Technology & Construction Industry Developments Past, Present & Future "၊ မေ ၁၆ ရက်တွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း( ဗဟို ) ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အိမ်ခြံမြေအကြောင်း သိကောင်းစရာများ ဟောပြောခဲ့ကြပြီး မေ ၁၇ ရက်တွင် ဆရာဦးညွန့်ဦးက "Geotechnical Engineer property Roads" နှင့် ဆရာမ ဒေါ်ခင်မာအေး က " Developing Future-ready Skills in Myanmar Construction ခေါင်းစဉ်ဖြင့် ဟောပြောပို့ချမည် ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



# မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ (၁၄)ကြိမ်မြောက် ဗဟိုဦးစီးအစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း(ဗဟို)၏ (၁၄)ကြိမ်မြောက် ဗဟိုဦးစီးအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် Best Western Green Hill ဟိုတယ်၌ မေ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက် ရှိရာ ယနေ့ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒာဝင်းနှင့် အခြေခံကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာစန်းစန်းမြင့်အောင်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး သစ်ပင်စိုက်ပွဲတော် ကျင်းပမည့်မြေနေရာ ရှင်းလင်း

**ပုသိမ် မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦးသည် ယနေ့နံနက် ၉ နာရီက ပုသိမ်တက္ကသိုလ်ဝင်းအတွင်း တိုင်းဒေသကြီးအဆင့် သစ်ပင်စိုက်ပွဲတော်ကျင်းပမည့် မြေနေရာရှင်းလင်းခြင်း၊ ပန္နက်ရိုက်ခြင်းနှင့် ကျင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သစ်ပင်စိုက်ပွဲတော်တွင် စိုက်ပျိုးမည့်အပင်ကြီးများ စုဆောင်းထားရှိမှုနှင့် လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဧရာဝတီတိုင်းဒေသကြီး၏ သစ်တောကဏ္ဍဆိုင်ရာ



လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# လောင်းလုံးမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း နည်းပညာပေး

**လောင်းလုံး မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက ရက်(၁၀၀) စီမံချက်ဖြင့် မိုးစပါးစိုက်ပျိုးသော တောင်သူများအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနည်းပညာပေးသင်တန်းကို ထားဝယ်ခရိုင်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ တောင်သူ ၄၅ ဦးတက်ရောက်သည်။ အခမ်းအနားတွင် လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဟိန်းထက်ပိုင်က မျိုးစေ့ချကိရိယာအသုံးပြု၍စိုက်ပျိုးခြင်းဖြင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများအား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် တောင်သူများ၏ သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိန်းသိန်း(လောင်းလုံး)**



မွန်ပြည်နယ် သထုံခရိုင်အတွင်း သဘာဝဘေးနှင့် အခြားသောဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် မေ ၁၆ ရက်က သထုံခရိုင်မီးသတ်ဦးစီးမှူး ဦးဝေယံအောင် ဦးဆောင်ကာ သထုံ၊ ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်တို့မှ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်တစ်ခုလျှင် ရှာဖွေကယ်ဆယ်ရေးတပ်စုတစ်စုစီနှင့် လူမှုကူညီရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြင့် အသင့်စုဖွဲ့ထားရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားစဉ်။

ခရိုင်(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အေး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ မေ ၁၆ ရက်က မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများအား မီးဘေးအန္တရာယ်ကင်းရှင်းစေရန် မီးသတ်ဆေးဘူး အသုံးပြုနည်းနှင့် ကိုင်တွယ်နည်းများကို ဌာနဆိုင်ရာဝန်ထမ်းများအား ရှင်းလင်းပြောကြားစဉ်။

မြို့နယ်(ပြန်/ဆက်)



**စုပေါင်းကာကွယ် မီးဘေးအန္တရာယ်၊ မီးဘေးရှောင် မလောင်ခင်တား။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ *ကျော်ဖုံးမှ*

အဆိုပါ ဒေသများတွင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်ဒေသများ၌ ပြန်လည်အခြေချနေထိုင်စဉ်စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသော လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များ၊ စက်သုံးဆီများအား မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ ပို့ဆောင်ပေးခဲ့သည့်သတင်းအား မေ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



မန္တလေးမှ မြစ်ကြီးနားသို့ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများ သွားရောက်ပို့ဆောင်သည့် မော်တော်ယာဉ်များ မြစ်ကြီးနားမှ မန္တလေးသို့ ပြန်လည်ထွက်ခွာလာစဉ်။

အဆိုပါ မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသာ ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များသည် မေ ၁၅ ရက်တွင် မြစ်ကြီးနားမြို့မှ ပြန်လည်ထွက်ခွာလာကြပြီး မိုးကောင်း-မိုးညှင်း-နန့်စီးအောင်- မော်လူး- အင်းတော်-ကသာ - ထီးချိုင့် - တကောင်း-သပိတ်ကျင်း-မတ္တရာမြို့များကို ဖြတ်သန်း၍ ယနေ့ညနေပိုင်းတွင် မန္တလေးမြို့သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာသည့် ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များနှင့်အတူ မြစ်ကြီးနားမြို့ အပါအဝင် လမ်းကြောင်းတစ်လျှောက်ရှိ မြို့/ရွာများမှ မန္တလေးမြို့တွင် ပို့ဆောင်ရောင်းချမည့် ဒေသထွက်ကုန်ပစ္စည်းများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် လမ်းခရီး အခက်အခဲကြောင့် ကြန့်ကြာမှုများ ဖြစ်ပေါ်နေသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းတက်ရောက်ရန် သွားရောက်မည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ကျန်းမာရေး အခက်အခဲများကြောင့် မန္တလေးမြို့တွင် ဆေးဝါးကုသမှုခံယူရန် သွားရောက်မည့် ဒေသခံပြည်သူများ ပြန်လည်လိုက်ပါလာခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ မန္တလေး- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အဆိုပါလမ်းကြောင်းတစ်လျှောက်တွင် ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကာ တည်ငြိမ်အေးချမ်းမှု၏ အကျိုးကျေးဇူးများကို ပြန်လည်ခံစားနိုင်ကြပြီဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများစသည့် ကဏ္ဍပေါင်းစုံတွင် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် များစွာကျေးဇူးတင်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

■ *ကျော်ဖုံးမှ*

ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် မိုင်းစံမြို့၏ အရှေ့ဘက် ၂၆ ကီလိုမီတာခန့် အကွာ၊ ဟိုပုံရွာ၏ အရှေ့ဘက် ၉ ကီလိုမီတာခန့်အကွာ သံလွင်မြစ် အနောက်ဘက် ကမ်းဘေး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖျက်ဆီးထားသော အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ အိပ်စင်ပါ လူနေဆောင်နှစ်လုံး၊ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ လုပ်ငန်းသုံးတဲတစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ ဝါးတဲ ၃၀၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ စားချက်ဆောင်တစ်လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နောက်ကွယ်မှ ပါဝင် ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသအတွင်း အွန်လိုင်း လောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ အပါအဝင် အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေး ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသားကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်တွင် အဆိုပါ ဒုစရိုက်လုပ်ငန်းများ လုပ်ဆောင်နေသည့် သတင်းများ ရရှိပါက အချိန်နှင့်တစ်ပြေးညီ ပေးပို့ခြင်းဖြင့် နိုင်ငံ့ကောင်းကျိုးသယ်ပိုးကြရန် လိုအပ်ကြောင်း ထုတ်ပြန်ထားသည်။

**သတင်းစဉ်**



မိုင်းရှူးမြို့နယ် လွယ်ဆောင်ထောက်ကျေးရွာဝန်းကျင် သံလွင်မြစ်အနီး၌ ဖမ်းဆီးရမိသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦးကို တွေ့ရစဉ်။



မိုင်းရှူးမြို့နယ် မိုင်းစံမြို့အရှေ့ဘက် ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများလုပ်ကိုင်ဆောင်ရွက်သည့် လူနေတဲများကို တွေ့ရစဉ်။



မိုင်းရှူးမြို့နယ် မိုင်းစံမြို့အရှေ့ဘက် ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများလုပ်ကိုင်ဆောင်ရွက်သည့် ထမင်းချက်တဲကို တွေ့ရစဉ်။



မိုင်းရှူးမြို့နယ် မိုင်းစံမြို့အရှေ့ဘက် ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများလုပ်ကိုင်ဆောင်ရွက်သည့် အဆောက်အအုံများကို တွေ့ရစဉ်။

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ မက္ကဆီကိုနိုင်ငံ၌ အများပြည်သူဘေးကင်းလုံခြုံရေး အစီအမံများ အရှိန်မြှင့်ဆောင်ရွက်

မက္ကဆီကိုစီးတီး မေ ၁၆

**မက္ကဆီကိုနိုင်ငံသည် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုအနေဖြင့် အားကစားသမားများနှင့် ပရိသတ်များ၏ ဘေးကင်းလုံခြုံရေးကို ကာကွယ်ပေးနိုင်ရန် လုံခြုံရေးအစီအမံများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။**

လာမည့်ဇွန်လတွင်ကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။ မက္ကဆီကိုနိုင်ငံသည် လုယက်မှု၊ ပြန်ပေးဆွဲမှု စသည့် ရာဇဝတ်မှုများ အပါအဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်နေရပြီး မူးယစ်မှောင်ခိုဂိုဏ်းများ ပါဝင်သည့် ပစ်ခတ်မှုများနှင့် လူသတ်မှုများလည်း မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပမည့် ဘောလုံးကွင်းများ တည်ရှိရာနေရာများအနက် တစ်ခုဖြစ်သော နိုင်ငံအနောက်ပိုင်း ဟာလစ္စကိုပြည်နယ်တွင် ဖေဖော်ဝါရီလအတွင်း မက္ကဆီကိုအစိုးရ၏ စစ်ဆင်ရေးတစ်ရပ်အတွင်း မူးယစ်ဂိုဏ်းခေါင်းဆောင်တစ်ဦး သေဆုံးခဲ့သည်။ ယင်းမူးယစ်ဂိုဏ်းခေါင်းဆောင်သေဆုံးမှုအတွက် လက်တုံ့ပြန်မှုဟု ယူဆရသည့် မီးရှို့မှုများဖြစ်ပွားခဲ့သည့်အပြင် နေရာအနှံ့အပြားတွင် အာဏာပိုင်များနှင့် ပဋိပက္ခများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မက္ကဆီကိုအစိုးရသည် ဘောလုံးပွဲစဉ်များ လက်ခံကျင်းပမည့် နေရာသုံးခုသို့ တပ်မတော်နှင့် အမျိုးသားအစောင့်တပ်မှ တပ်ဖွဲ့ဝင်များအပါအဝင် စုစုပေါင်း အင်အား ၁၀၀၀၀၀ ခန့် စေလွှတ်သွားရန် စီစဉ်ထားသည်။ ထို့ပြင် နိုင်ငံ၏မြို့တော် မက္ကဆီကိုစီးတီးရှိ လေဆိပ်တွင် စောင့်ကြည့်ရေးကင်မရာ အရေအတွက်ကို ၃၀ ရာခိုင်နှုန်းတိုးမြှင့်သွားမည်ဖြစ်ပြီး အလုံးရေ ၃၆၀၀ ကျော်အထိ ရှိလာမည်ဖြစ်သည်။ ယင်းကင်မရာများတွင် သံသယဖြစ်ဖွယ် အပြုအမူများနှင့် အရာဝတ္ထုများကို အလိုအလျောက် စုံစမ်းစစ်ဆေးဖော်ထုတ်နိုင်မည့် AI နည်းပညာများ တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။ ထို့ပြင် ဒေသတွင်း ရဲတပ်ဖွဲ့များနှင့် လုံခြုံရေးဆိုင်ရာ ကုမ္ပဏီများသည်လည်း အများပြည်သူ ဘေးကင်းလုံခြုံရေး အစီအမံများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




အင်န်အိတ်ချ်ကေ

# အပစ်အခတ်ရပ်စဲရေး ၄၅ ရက် သက်တမ်းတိုးရန် အစ္စရေးနှင့် လက်ဘနွန် သဘောတူ

ဘေရွတ် မေ ၁၆

အပစ်အခတ်ရပ်စဲရေး ကာလကို ၄၅ ရက် သက်တမ်းတိုးရန် အစ္စရေးနှင့် လက်ဘနွန်တို့ သဘောတူညီခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

### ကောင်းမွန်သည့် တိုးတက်မှုများ ရရှိ

အစ္စရေးနှင့် လက်ဘနွန်တို့အကြား မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှ ကောင်းမွန်သည့် တိုးတက်ဖြစ်ထွန်းမှုများ ရရှိခဲ့ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ တွန်မီပီဂေါ့က ပြောကြားသည်။

နှစ်ရက်ကြာ ပြုလုပ်ခဲ့သည့် ယင်းဆွေးနွေးပွဲများကို အမေရိကန်က အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့ခြင်းဖြစ်သည်။ ဧပြီ ၁၆ ရက်မှစတင်ကာ ၄၅ ရက်ကြာ အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးမှု စတင်မည်ဖြစ်ကြောင်း သိရသည်။




### ဆွေးနွေးညှိနှိုင်းမှုများ ထပ်မံပြုလုပ်မည်

ထို့ပြင် ဇွန် ၂ ရက်နှင့် ၃ ရက်တို့တွင် ဆွေးနွေးညှိနှိုင်းမှုများကို ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း ပီဂေါ့က ပြောကြားသည်။ နှစ်နိုင်ငံစလုံးမှ တပ်ဖွဲ့ဝင်ကိုယ်စားလှယ်များ ပါဝင်သည့် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲကို မေ ၂၉ ရက်တွင် ပင်တဂွန်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# အိုင်အက်စ်အက်စ်သို့ ထောက်ပံ့ရေးမစ်ရှင် အာကာသယာဉ် နာဆာနှင့် SpaceX လွှတ်တင်

လော့စ်အိန်ဂျလိစ် မေ ၁၆

နာဆာနှင့် SpaceX တို့သည် နိုင်ငံတကာအာကာသစခန်း (ISS) သို့ ထောက်ပံ့ရေးမစ်ရှင်အသစ်အတွက် အာကာသယာဉ်တစ်စင်းကို မေ ၁၅ ရက်တွင် လွှတ်တင်လိုက်ကြောင်း သိရသည်။

ကုန်ပစ္စည်းပေါင်း ၆၅၀၀ ခန့် သယ်ဆောင်လာသော SpaceX Dragon အာကာသယာဉ်ကို အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း ဖလော်ရီဒါပြည်နယ်ရှိ ကိပ်ကန်နာဗရယ် အာကာသစခန်းမှ အမေရိကန်အရှေ့ပိုင်းစံတော်ချိန် ည ၆ နာရီ ၅ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသယာဉ်သည် မေ ၁၇ ရက် အရှေ့ပိုင်းစံတော်ချိန် နံနက် ၇ နာရီတွင် နိုင်ငံတကာအာကာသစခန်းနှင့် အလိုအလျောက် ချိတ်ဆက်သွားမည်ဖြစ်သည်။ ယင်းအာကာသယာဉ်သည် ISS တွင် တာဝန်ထမ်းဆောင်နေသော အာကာသယာဉ်မှူးများအတွက် ရိက္ခာများနှင့် သိပ္ပံနည်းကျစမ်းသပ်ပစ္စည်းအသစ်များကို ပို့ဆောင်ပေးခြင်းဖြစ်သည်။

အာကာသယာဉ်သည် ဇွန်လလယ်အထိ ISS တွင် ရှိနေမည်ဖြစ်ကြောင်း၊ ယင်းမစ်ရှင်မှာ နာဆာအတွက် ISS သို့ ပို့ဆောင်သည့် SpaceX ၏ (၃၄) ကြိမ်မြောက် ထောက်ပံ့ရေးမစ်ရှင်လည်းဖြစ်ကြောင်းနှင့် ယင်းကို မေ ၁၂ ရက်တွင်လွှတ်တင်ရန် စီစဉ်ထားခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

# ဆိုမာလီယာ၌ ငတ်မွတ်ခေါင်းပါးမှုဘေး ကာကွယ်နိုင်ရေး အရေးပေါ်အကူအညီပေးရန် ကုလသမဂ္ဂအေဂျင်စီများ တောင်းဆို

ဂျီနီဗာ မေ ၁၆

ဆိုမာလီယာနိုင်ငံတွင် အစားအသောက်မလုံလောက်မှု အရေးပေါ်အခြေအနေမဖြစ်ပွားစေရေးနှင့် ငတ်မွတ်ခေါင်းပါးမှုဘေးမှ ကာကွယ်နိုင်ရေးအတွက် အသက်ကယ်ကူညီထောက်ပံ့မှုများကို အရှိန်အဟုန်မြှင့်၍ အမြန်ဆုံးဆောင်ရွက်ပေးရန် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများက မေ ၁၅ ရက်တွင် တောင်းဆိုခဲ့သည်။

ပေါင်းစပ်စားနပ်ရိက္ခာဖူလုံမှု အဆင့်သတ်မှတ်ချက်အစီရင်ခံစာအရ ဆိုမာလီယာနိုင်ငံတွင် အစားအသောက်မလုံလောက်မှုပြဿနာနှင့် အရေးပေါ်ရင်ဆိုင်နေရသူ ၆ သန်းခန့်ရှိပြီး ယင်းတို့အနက် ကလေး ၁ ဒသမ ၉ သန်း ပါဝင်ကြောင်းနှင့် ကလေးငယ် ၄၉၃၀၀၀ ခန့်မှာ ပြင်းထန်သည့် အာဟာရချို့တဲ့မှုနှင့်ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်၏ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ဖာဟာန်ဟတ်က ပြောကြားသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ် ပြင်းထန်သည့် ကန့်သတ်ချက်များ၊ ဆိုးရွားသည့် မိုးခေါင်မှုနှင့် လုံခြုံရေးမတည်ငြိမ်သည့် အခြေအနေများကြောင့် အစားအသောက်မလုံလောက်မှုအခြေအနေမှာ ပိုမိုဆိုးရွားလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# ဆူဒန်နိုင်ငံ၌ လူပေါင်း ၁၉ ဒသမ ၅ သန်းခန့် အစားအစာမလုံလောက်မှုနှင့် ရင်ဆိုင်နေရ

နယူးယောက် မေ ၁၆

ဆူဒန်နိုင်ငံရှိ လူပေါင်း ၁၉ ဒသမ ၅ သန်းခန့်မှာ ပြင်းထန်သည့် အစားအစာမလုံလောက်မှု အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့ကိုကိုးကား၍ ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက မေ ၁၅ ရက်တွင် ပြောကြားသည်။

ဂရိတ်တားဒါဖာနှင့် ဂရိတ်တားခေါ့ဒိုဖန် ဒေသတစ်ဝန်းရှိဒေသ ၁၄ ခုတွင် ငတ်မွတ်ခေါင်းပါးမှုအန္တရာယ် ဖြစ်ပွားလျက်ရှိပြီး ယင်းအခြေအနေမှာ ဇွန်လမှစက်တင်ဘာလအတွင်း ပိုမိုဆိုးရွားလာနိုင်ကြောင်း ခန့်မှန်းထားသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ဖာဟာန်ဟတ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဖေဖော်ဝါရီလမှ မေလအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များက တစ်လလျှင် လူပေါင်း ၄ ဒသမ ၈ သန်းအတွက် အကူအညီပေးနိုင်ရန် ရည်မှန်းထားသော်လည်း ဖေဖော်ဝါရီလအတွင်း ခန့်မှန်းခြေလူပေါင်း ၃ ဒသမ ၁၃ သန်းသာ အကူအညီရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့က အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ချက်များကို ထောက်ပံ့ပေးရန်အပြင် အစားအစာ၊ အရေးပေါ်စားနပ်ရိက္ခာထုတ်လုပ်ရေးလုပ်ငန်းများ၊ အာဟာရ၊ ကျန်းမာရေး၊ ရေနှင့် သန့်ရှင်းရေးကဏ္ဍများအတွက် ရန်ပုံငွေများကို အရေးပေါ်တိုးမြှင့်ပေးရန် နိုင်ငံတကာအဖွဲ့အစည်းများကို တောင်းဆိုထားကြောင်း သိရသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်၌ မူးယစ်ဆေးဝါးမှောင်ခိုကူးမှုဖြင့် သံသယရှိသူ ၄၁ ဦးကို ဖမ်းဆီး

ကဘူးလ် မေ ၁၆

အာဖဂန်နစ္စတန်နိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့က ပြီးခဲ့သည့်နှစ်ပတ်အတွင်း နန်ဂါဟာပြည်နယ်၌ မူးယစ်ဆေးဝါးမှောင်ခိုကူးမှုတွင် ပါဝင်သည်ဟု သံသယရှိသူ ၄၁ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ရုံးက မေ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ပြည်နယ်မြို့တော် ဂျာလာလာဘတ်နှင့် အနီးပတ်ဝန်းကျင်ခရိုင်များတွင် မူးယစ်ဆေးဝါးမှောင်ခိုကူးမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများကို ပစ်မှတ်ထား၍ ပူးတွဲစစ်ဆင်ရေးများဆောင်ရွက်စဉ် ယင်းသံသယရှိသူများကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း အဆိုပါရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရဲတပ်ဖွဲ့သည် အဆိုပါစစ်ဆင်ရေးများအတွင်း ဆေးခြောက်နှင့် အခြားမူးယစ်ဆေးဝါးများအပြင် မက်သာဖက်တမင်း ၁၇ ဒသမ ၃ ကီလိုဂရမ်နှင့် စိတ်ကြွဆေးပြား ၈၈၆၇ ပြားကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## အောင်လံမြို့၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

**အောင်လံ မေ ၁၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ One Stop Service ဖြင့် ထုတ်ပေးသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်လံမြို့ အောင်မြေရွှေဝါခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် မြို့နယ်ဦးစီးမှူးတို့က သက်ဆိုင်ရာ ကာယကံရှင် ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများထံသို့ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)



## ဘီးလင်းမြို့နယ်၌ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းဖွင့်



**ဘီးလင်း မေ ၁၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ KG နှင့် Grade – 1 သင်ပြနည်းစနစ်နှင့် မူကြိုလုပ်ငန်း သင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ (မြို့နယ်အဆင့်)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အထက (ဘီးလင်း) ကျောင်း ပညာ့အားမာန်ခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ဘီးလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၄၂ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ရှစ်ကျောင်းတို့မှ သင်တန်းသား သင်တန်းသူ ၂၇၃ ဦး တက်ရောက်ခဲ့ပြီး ၁၀ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သာစည်မြို့နယ်၌ နွေစပါးပန်းတိုင် အထွက်နှုန်းရရှိရေး အသိပညာပေး

**သာစည် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ကုက္ကိုကန်ကျေးရွာ ရွှေကန်မြေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက စိုက်ပျိုးထားသော နွေစပါးများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မေ ၁၄ ရက်က တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုး၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညီညီဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက သမဝါယမအသင်းသားတောင်သူများနှင့်တွေ့ဆုံပြီး ကွင်းဆင်း အသိပညာပေး ပြောကြားသည်။

အဆိုပါ ရွှေကန်မြေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ၇၅ ဦးက နွေစပါးဧက ၃၀၀ စိုက်ပျိုးထားကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ရွှေဘိုမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရွှေဘို မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်မည်ဖြစ်၍ ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရန်အတွက် ရွှေဘိုခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေး ဝန်ထမ်းများ၊ ပညာရေး ဝန်ထမ်းများစုပေါင်း၍ ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

ထိုသို့သန့်ရှင်းရေးဆောင်ရွက်ရာတွင် အထက(၁) ကျောင်းဝင်းအတွင်းရှိ သစ်ရွက်ခြောက်များ၊ ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များနှင့် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းဖယ်ရှားပြီး စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းကားဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်း သိရသည်။

အောင်ထွန်းခိုင်(ပြန်/ဆက်)




## လပွတ္တာမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**လပွတ္တာ မေ ၁၆**

လပွတ္တာမြို့နယ်တွင် ရက်(၁၀၀)စီမံချက်အရ ဆောင်ရွက်သည့် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၁၂ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ဘဏ်မန်နေဂျာတို့က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကြို့တောကျေးရွာအုပ်စု၊ မြွေဟောက်ကျေးရွာအုပ်စုနှင့် ပိုးလောင်းကျေးရွာအုပ်စုများမှ တောင်သူ ၈၆ ဦး၏ လယ်ဧက ၇၁၃ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ် ငွေကျပ် ၂၁၃၉ ဒသမ ၀၀ သိန်းအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ခန္တီးမြို့၌ လူရည်ချွန်မောင်မယ်များအား ကြိုဆိုဂုဏ်ပြု

**ခန္တီး မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် လူရည်ချွန်စခန်းမှပြန်လာသော ခန္တီးခရိုင်ကိုယ်စားပြုဗဟိုအဆင့် လူရည်ချွန် Grade– 9 မှ မောင်မြတ်ဘုန်းမောင်နှင့် မကေဇင်ယုဆွေတို့အား ယနေ့တွင် ခန္တီးလေဆိပ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇေယျာသွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စုလတ်စိုးနှင့် အဖွဲ့ဝင်များ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများက ကြိုဆိုဂုဏ်ပြုကြသည်။

၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် ခန္တီးခရိုင်ကိုယ်စားပြု ဗဟိုအဆင့် Grade–9မှ မောင်မြတ်ဘုန်းမောင်၊ မကေဇင်ယုဆွေ နှင့် Grade –11 မှ မောင်သူရကျော်တို့သုံးဦး လူရည်ချွန်ရရှိခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ... 



# အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် မေ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူ သွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နှင့် မိုင်းပန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အပါအဝင် မြို့နယ်ခုနစ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အီသီယိုးပီးယားနိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



**နေပြည်တော် မေ ၁၆**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့်ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသား သုံးဦးထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၅ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကြံခင်းမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**ကြံခင်း မေ ၁၆**

ကြံခင်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မြို့နယ်ဘဏ်ခွဲ)တွင် အစိုးရ ရက် (၁၀၀) စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၁၂ ရက်က ပြုလုပ်ရာ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ချေးငွေအကြံပေးအဖွဲ့ဝင်များနှင့် ရေနံတောင်ကျေးရွာအုပ်စုရှိ တောင်သူများ တက်ရောက်ကြသည်။



ထို့နောက် ရေနံတောင်ကျေးရွာရှိ တောင်သူများအား စပါးစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလက်ဝယ်အရောက် ပေးအပ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ ရေနံတောင်ကျေးရွာရှိ တောင်သူ ၂၉၈ ဦးအား စပါးတစ်ဧက ငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၅၈၉ သိန်းကို စတင်ထုတ်ချေးပေးလျက်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ) မန်နေဂျာ ဒေါ်လွင်လွင်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ တောင်သူများအား သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်

**မြို့သစ် မေ ၁၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် ရက် (၁၀၀) အတွင်း ဆောင်ရွက်မည့် မိုးသီးနှံစိုက် တောင်သူများအား သီးနှံမျိုးစေ့ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က တောင်သူများအား သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဉာဏ်မြင့်ဦးက ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်နည်းစနစ်များ မှန်ကန်စွာ လိုက်နာကျင့်သုံးကြစေရေး ပြောကြားသည်။

ထို့နောက် ရက် (၁၀၀)အတွင်း သီးနှံစိုက်ပျိုး ဆောင်ရွက်မည့် ကျေးရွာအုပ်စုများမှ တောင်သူများအား စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ဝါမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## နိုင်ငံအတွက် တစ်ဖက်တစ်လမ်းက များစွာအကျိုးရှိ၊ အထောက်အကူပြု

နေအိမ်သုံးဆိုလာစနစ်(Solar Home System)ကို တတ်နိုင်သလောက် တွင်တွင်ကျယ်ကျယ် ဝိုင်းဝန်းအသုံးပြုကြမယ်ဆိုရင် မိမိတစ်ဦးတည်းသာမကဘဲ ကျန်တဲ့နိုင်ငံသားတွေကိုပါ အကျိုးကျေးဇူးရရှိစေမှာ၊ လျှပ်စစ်အသုံးပြုသူဦးရေ တိုးပွားစေတာ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိစေတာ စတဲ့ နိုင်ငံအတွက် တစ်ဖက်တစ်လမ်းက များစွာအကျိုးရှိ၊ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

## ခရမ်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်



**ခရမ်း မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြူဟ္မစိုရ်ခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ရဲက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဒေးပေါက်ကျေးရွာရှိ တောင်သူ ၂၁၃ ဦး၏ မိုးစပါး ၁၄၀၆ ဧကအတွက် ငွေကျပ် ၄၂၁၈ သိန်းကို ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသည့် ကျေးရွာအုပ်စုများတွင်လည်း သတ်မှတ်ကာလအတွင်း ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုမင်း (ခရမ်း)

## ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ဥပဒေရေးရာ အသိပညာပေးဟောပြော



**ပဲခူး မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထက (၁)ကျောင်း၌ Grade-11နှင့် Grade-12 သင်တန်းတက်ရောက်နေသည့် ဆရာ ဆရာမများအား မေ ၁၄ ရက်က ဥပဒေရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်တင်စပယ်က ဥပဒေရေးရာများကို ဆွေးနွေးပြောကြားသည်။ အဆိုပါဟောပြောပွဲသို့ တိုင်းဒေသကြီးဥပဒေအရာရှိများ၊ ဆရာ ဆရာမများ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## သုတေသနလုပ်ထုံးလုပ်နည်းဆိုင်ရာဟောပြောပွဲ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ ကျင်းပ



**ရန်ကုန် မေ ၁၆**

ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၏ တက္ကသိုလ်ဆရာ ဆရာမများ သုတေသန စွမ်းဆောင်ရည် မြင့်မားရေးနှင့်အရည်အသွေးမြင့် အသုံးချသုတေသနများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်၍ သုတေသန လုပ်ထုံးလုပ်နည်းဆိုင်ရာဟောပြောပွဲကို မေ ၁၄ ရက်က သန်လျင်မြို့ရှိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ခေတ္တပါမောက္ခချုပ် ဒေါက်တာမျိုးမင်းထွန်းက အမှာစကားပြောကြားပြီး မနုဿဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး)ဒေါက်တာစန္ဒာအောင်က ပညာရပ်ဆိုင်ရာ သုတေသနရေးသားနည်းအကြောင်း ဟောပြောပို့ချရာ ဘာသာရပ်(၁၉)ဌာနမှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကိုအပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

## တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်သရုပ်ပြ

**ထားဝယ် မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအတွက် သစ်စိမ်းမြေဩဇာပိုက်ဆံလျှော်ကြဲပက်သရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ စိုက်မွေးအမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း လယ်မြေ၌ ကျင်းပသည်။

ထို့နောက် တောင်သူများက မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာပိုက်ဆံလျှော်ကြဲပက်မှုကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ဖျာပုံမြို့နယ်၌ ရက် (၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်ရောဂါကာကွယ်ဆေး ထိုးနှံပေး



**ဖျာပုံ မေ ၁၆**

ဖျာပုံမြို့နယ်၌ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အစိုးရသစ်၏ ရက် (၁၀၀)စီမံချက်ဖြင့် ကျွဲနွားကာကွယ်ဆေးထိုးနှံခြင်းနှင့် မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးဖျန်းခြင်းတို့ကို ယမန်နေ့ကဆောင်ရွက်ရာ ဖျာပုံခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဆောင်းနှင်းဖြူဖြူ၊ ဖျာပုံမြို့နယ်ဦးစီးမှူး ဒေါက်တာကျော်မြင့်နှင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများက ကျုံကူကျေးရွာနှင့် ဖျာပုံတမံကျေးရွာတို့တွင် ကျွဲနွားကာကွယ်ဆေးများ လိုက်လံထိုးနှံပေးခြင်း၊ မွေးမြူရေးခြံများ နမူနာပြ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မှော်ဘီမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးရာသီစိုက်ပျိုးစရိတ်များထုတ်ချေးပေးခြင်းကို မေ ၁၄ ရက် နံနက်က အဆိုပါဘဏ်ခွဲ၌ကျင်းပရာ ဘဏ်ခွဲမန်နေဂျာနှင့်ဝန်ထမ်းများက မှော်ဘီမြို့နယ်အတွင်းရှိ ဝါးပတောကျေးရွာအုပ်စုမှတောင်သူ ၄၄ ဦးတို့၏ စိုက်ဧက ၃၄၁ ဧကအတွက် တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၁၀၂၃ သိန်းကို တောင်သူများထံသို့ပေးအပ်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



## ရွှေတောင်မြို့နယ်၌ မွေးမြူရေးနှင့် MSMEs ကဏ္ဍတို့အတွက် ချေးငွေများ ထုတ်ပေး

**ရွှေတောင် မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ရက် (၁၀၀) စီမံချက်ကာလအတွင်း တိုင်းဒေသကြီး နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ငွေမှ မွေးမြူရေးနှင့် MSMEs ကဏ္ဍတို့အတွက် ချေးငွေများ ထုတ်ပေးခြင်းအခမ်းအနားကို မေ ၁၄ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ငွေမှ မွေးမြူရေးကဏ္ဍနှင့် MSMEs ကဏ္ဍတို့အတွက် မွေးမြူရေးလုပ်ငန်းရှင် ၃၄ ဦးအတွက် ငွေကျပ် ၄၁၅၉ သိန်းနှင့် MSMEs (စက်ရက်ကန်းစင်) လုပ်ငန်းရှင် ၁၃ ဦးအတွက် ငွေကျပ်သိန်း ၁၇၅၀ စုစုပေါင်း ငွေကျပ် ၅၉၄၅ သိန်းတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။



ကိုကိုမင်း (ပြန်/ဆက်)

## စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးနှင့် ရေကြီးနစ်မြုပ်မှုလျော့နည်းစေရေး တူးမြောင်းတူးဖော်



**ဘားအံ မေ ၁၆**

ကရင်ပြည်နယ် ဆည်မြောင်းဦးစီးဌာနသည် လှိုင်းဘွဲ့မြို့နယ်၌ စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးနှင့် ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးအတွက် ကွမ်တာမြောင်းအောက်ပိုင်း တူးဖော်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဧပြီလမှစတင်ကာ တူးဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆည်မြောင်းဦးစီးဌာနသည် ကွမ်တာမြောင်းပေါ်တွင် ရေတံခါးသုံးခု တည်ဆောက်ပေးထားပြီး စိုက်ပျိုးမြေဧက ၃၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

### ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။

**အပူဒဏ်အန္တရာယ်ကာကွယ်ရေး**

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

## ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ ကွင်းဆင်းဆေးကုသ



**ကျောက်ဆည် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးမှ ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇင်ဇင်သန်းဝေ (ဆေးရုံအုပ်ကြီး) ဦးဆောင်သော အထူးကု ဆရာဝန်ကြီးများနှင့် အဖွဲ့သည် ရက်(၁၀၀) စီမံချက်ဖြင့် ယမန်နေ့က မြစ်သားမြို့နယ် ရွာခိုင်ကြီးတိုက်နယ် ဆေးရုံ၌ အခြေပြု၍ ဒေသအတွင်းရှိ ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနယ်လှည့်ကွင်းဆင်း ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးကုဆရာဝန်ကြီး ၁၀ ဦးနှင့် အဖွဲ့သည် အမျိုးသားလူနာ ၁၁၅ ဦး၊ အမျိုးသမီးလူနာ ၂၈၆ ဦး စုစုပေါင်း ၄၀၁ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သည်။

**သက်မောင်(ကျောက်ဆည်)**

## ပဲခူးတိုင်းဒေသကြီးအတွင်း သမဝါယမကဏ္ဍမှ Contract Farming စနစ် အောင်မြင်စေရေး ကွင်းဆင်းစစ်ဆေး

**တောင်ငူ မေ ၁၆**

တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာ တိုးတက်အောင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းမှ ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများ၊ သမဝါယမကဏ္ဍမှ Contract Farming စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် တစ်ဆက်တစ်စပ်တည်းဧက (၁၀၀) ရှိ သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံရာတွင် စနစ်ကျသော စိုက်ပျိုးရေးဖြစ်စေရေးနှင့် သမဝါယမ Contract Farming စနစ် အောင်မြင်စေရေးအတွက် မေ ၁၄ ရက်က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ တောင်ငူခရိုင်အတွင်းရှိ သမဝါယမဦးစီးအရာရှိများ၊ အသင်းစုဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ကိုင်သော သမဝါယမ အသင်းအမှုဆောင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းစွမ်းဆောင်ရည် နှစ်ဆတိုးမြှင့် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## သထုံမြို့နယ်၌ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

**သထုံ မေ ၁၆**

မွန်ပြည်နယ် သထုံမြို့နယ်၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို မေ ၁၁ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်နိုင်က သထုံမြို့နယ်အတွင်းရှိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်လုပ်ငန်းရှင်များအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**



## ဒလမြို့၌ အန္တရာယ်ရှိ သစ်ပင် / သစ်ကိုင်းများခုတ်ထွင်ရှင်းလင်း

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့၌ မြို့နယ်စည်ပင်သာယာရေးရုံး၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းဌာနမှ ဝန်ထမ်းများက မေ ၁၅ ရက်တွင် မိုးရာသီလေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းပါက ပြည်သူများအန္တရာယ်ဖြစ်နိုင်သည့် သစ်ပင်သစ်ကိုင်းများကို လိုက်လံခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

## မုဒုံမြို့၌ မူခင်းကျဆင်းရေးအသိပညာပေးဟောပြော

**မုဒုံ မေ ၁၆**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ရက် (၁၀၀) စီမံချက်ဖြင့် မူခင်းကျဆင်းစေရန် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ဖူးရှင်းရော်ဘာစက်ရုံ၌ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဆန်းညွန့်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းထွဋ်အောင်က မူခင်းကျဆင်းစေရေးအကြောင်းအရာများကို စက်ရုံဝန်ထမ်းများအား ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**





## ဓနုဖြူမြို့နယ်၌ အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်

**ဓနုဖြူ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ယမန်နေ့က ငါးဘက်အိုင်ခေတ်မီစံပြကျေးရွာရှိ ရွှေအိုင်မြေဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခြေခံအပ်ချုပ်စက် သင်တန်းကို မေ ၁၅ ရက်မှ ဇွန် ၂၈ ရက်အထိ ၄၅ ရက်ကြာ သင်တန်းသူ ၂၀ အား သင်ကြားပို့ချသွားမည်ဖြစ်သည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဖွင့်

**ချောင်းဆုံ မေ ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို မေ ၁၄ ရက်က မြို့နယ်ပညာရေးမှူးရုံး ပညာရတနာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးလှဌေးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ရှစ်ဦးတို့က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၁၁ ကျောင်းမှ မူလတန်းပြဆရာ ဆရာမ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၂၄၀ တို့အား မေ ၁၄ ရက်မှ ၂၄ ရက်အထိ ၁၀ရက်ကြာ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



မအူပင်မြို့၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် လူစည်ကားရာနေရာများ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်နိုင်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ဌာနဆိုင်ရာများပူးပေါင်း၍ မေ ၁၅ ရက်က ဆောင်ရွက်စဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)



ကော့သောင်းမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်မိုး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ရက်(၁၀၀)စီမံချက်ဖြင့် ကော့သောင်းမြို့နယ်ရှိ ဆီသင်္ဘောများအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းများကို မေ ၁၅ ရက်က ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အသင့်စုဖွဲ့ ပြင်ဆင်ထားစဉ်။

ခင်စန်းမြင့်(ပြန်/ဆက်)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀(၁)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၆

ဒေါ်သက်သက်ဇော် (တရားလို) နှင့် ဦးမောင်မောင်အေး (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်-၅၆၈ ၊ ခေမာကျောင်းလမ်း၊ (ည)ရပ်ကွက်နေ တရားပြိုင် ဦးမောင်မောင်အေး(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ် ချုပ်ဆိုပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည် ။သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## အမည်ပြောင်း

ရွှေညောင်မြို့၊ စဥ့်ဟယ် ရပ်ကွက်နေ (ဘ) ဦးမြခိုင် ၁၄/ညတန(နိုင်)၁၅၅၇၄၆ ၏ သား မောင်သက်မှူးခိုင်အား ယနေ့မှစ၍မောင်ဟိန်းဇေယျာနိုင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## CNG စာအုပ် ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်မိုး ၁၄/ညတန(နိုင်)၁၀၆၁၄၉ ပိုင်ဆိုင်သော ယာဉ်အမှတ် BB/5208 CNG စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည် လျှောက်ထားမည်ဖြစ်ကြောင်း ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။ ဖုန်း-၀၉-၇၇၇၉၁၅၂၅၅

## အများသိစေရန် ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ်(၄၂၁)၊ မြေကွက်တည်နေရာအမှတ်-၄၂၁၊ အောင်ရတနာလမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံတောင် ၁။ ဦးအောင်ကို ၁၂/တမန(နိုင်)၀၅၈၃၀၆၊ ၂။ ဒေါ်အေးအေးခိုင် ၁၂/မဂတ (နိုင်) ၀၃၈၈၈၉ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ၁။ ဦးအောင်ကို ၁၂/တမန(နိုင်)၀၅၈၃၀၆၊ ၂။ ဒေါ်အေးအေးခိုင် ၁၂/မဂတ(နိုင်) ၀၃၈၈၈၉ ကိုယ်တိုင်တို့မှ နှစ် (၆၀) ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နှစ် (၆၀)မြေငှား ဂရန်မူရင်းမှာ နေအိမ်တွင် သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၃၈/၂၅ (၁၇-၃-၂၀၂၅)၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ သတင်းစာကြော်ငြာပြီး ဦးအောင်ကို+၁ ၏ ဂရန်မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်း(Town Land Roll)တွင် အမှုတွဲအမှတ်-ဆ/ဂရန်/၄၂၁/အရ (၅-၉-၁၉၉၄) ရက်မှစ၍ ထုတ်ပေးထားသည့် မူလနှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းအား ရုံးတွင်း အမိန့်ဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့် ဦးအောင်ကို+၁ တို့၏ ဂရန်မိတ္တူ လျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ရွှေပေါက်ကံ၊ တကောင်း-၅လမ်း၊ မြေကွက်အမှတ် ၉၅၇ဟုခေါ်တွင်သော နှစ်(၆၀) မြေငှားဂရန် ဒေါ်နှောင်းဝသာန် အမည်ပေါက်မြေကွက် အလျားပေ၄၀x အနံပေ ၆၀ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်မျက်နှာမူလျှင် လက်ယာဘက်အခြမ်း (မြေကွက် ၉၅၈ နှင့် ကပ်လျက်)မှ အလျား ၁၀ ပေx အနံပေ ၆၀ ရှိသည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူဒေါ်ခင်လေးဖြူဖြူစိုး (ဘ)ဦးကျော်စိုး ၁၂/မဂဒ(နိုင်)၀၁၆၃၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း(LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ကြိုပွဲဝင့်စနစ်ဖြင့် တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရွှေနုလမ်း၊ အမှတ်- ၅၉-A ပေါ်တွင်ဆောက်လုပ်နေသည့် (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အအုံ၏ ပထမထပ်(ဒုတိယအလွှာ)၊ အခန်းအကျယ်အဝန်း (၁၄ ပေ x ၄၆ ပေ)၊ ၆၄၄ စတုရန်းပေရှိ ခြေရင်းခြမ်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာဖြစ်သူ ဦးနေမျိုးအောင် (၁၄/ဟသတ (နိုင်)၃၀၆၁၅၂) က "မြေရှင်နှင့်ကန်ထရိုက်တာ နှစ်ဦးသဘောတူ ၂ ခန်းတွဲ ၅ ထပ် တိုက်(၁)လုံးနှင့် ၁ ခန်း ၅ ထပ်တိုက် (၁)လုံး ဆောက်လုပ်ခြင်းကတိစာချုပ်" အရ ၎င်းတရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ ကြိုပွဲဝင့် စနစ်ဖြင့် အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ များဖြစ်သော နော်ဂျက်နက်ထူး ၁၂/မရက(နိုင်)၁၇၅၄၅၁ နှင့် စောနေဒါဂေး ၁၂/မရက(နိုင်)၁၉၇၆၃၀ တို့က ဝယ်ယူမည်ဖြစ်ပါသောကြောင့် အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူထွဏ်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၇၆)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၂၆၆၀၂၂၂၅၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် ၆၀၃၊ ဦးပိုင်အမှတ် ၃၈၆/၅၃၈/ နန်းဦးလမ်းပေါ်၊ မေဃဝန်လမ်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးအောင်မြင့် ၉/မနတ(နိုင်)၀၆၆၁၇၁ က သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန် ပေါ်တွင် "ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့်စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခု ထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်"ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံး ဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇရပ်ကွက်၊ အကွက် အမှတ် နန-၈၊ ဦးပိုင်အမှတ် ၃၀/ ၆၂x၆၃ကြား၊ ၁၃၂x၁၃၃လမ်းကြားရှိ မြေကွက်အားတောဂရန် အမှုတွဲအမှတ် (၃၄၆၇/၉၀-၉၁) အရ ဦးကျော်မြင့် ၉/မရမ(နိုင်)၀၂၄၂၈၈ အမည်ပေါက်သို့ မြေရာဇဝင် ၁-ကမှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးကျော်မြင့် ၉/မရမ(နိုင်)၀၂၄၂၈၈ မှ မြို့ပြမြေစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၁၊ ဦးပိုင်အမှတ် ၈၄၊ ၇၃x၇၄ ကြား၊ ၁၁၆x၁၁၇ ကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဒေါ်နန်းသင်းသင်းဦး ၉/မရမ(နိုင်)၀၄၆၈၀၆ ၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၄၁၄၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းထွန်းရွှေ ၁၃/လရန(နိုင်) ၀၁၇၅၄၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ မြေကွက်အမှတ် (၅၀၆)၊ မြေကွက်တည်နေရာ အမှတ်-၅၀၆၊ ရွှေသွေးလမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးခင်စန်း(ခ)ဦးငွေလွင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေငှားစာချုပ် (ဂရန်)မြေအား KYN-022599 ၏ အမည်ပေါက် ဦးခင်စန်း (ခ) ဦးငွေလွင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင်ဥ ၁၂/သဃက(နိုင်)၁၂၈၂၉၄ မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားဇနီးမယားတစ်ဦး တစ်ယောက်မျှ မရှိပါကြောင်း၊ ၎င်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှု လက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ် ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/35960, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးညွှန့်နိုင် ၅/မမတ(နိုင်) ၀၆၂၄၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/38215 Honda Wave 100 M/C ယာဉ်လက်ဝယ် ရှိသူ ဒေါ်မိုးမိုးစံ ၃/ကကရ(နိုင်)၁၃၈၅၀၆ က ယာဉ်မှတ်ပုံတင်စာ အုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/84585 Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာဦး ၃/ဘအန(နိုင်)၄၉၀၅၂၃ က ယာဉ်မှတ်ပုံတင်စာ အုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ယ/၈၄၂၃၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ကျော် ၁၀/မလမ(နိုင်) ၂၂၂၃၉၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ စိမ်းမြသာယာလမ်း၊ အမှတ်(၄၁၈) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၅ ထပ်ခွဲ) တိုက်၏ (၃လွှာ) ခြေရင်းခန်း၊ အကျယ်အဝန်း (၁၉' x ၅၄') ပေ ရေမီးစုံ တိုက်ခန်းအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ရတနာထွန်း ၉/သစန(နိုင်) ၀၈၈၇၃၇ မှ ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီရိအောင် ၁၂/လမန(နိုင်) ၁၄၁၃၉၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲမင်းထွန်း (LL.B) (စဉ်-၁၈၂၉၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၉၁)၊ ရတနာသီရိလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၆၈၆၂၀၂၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ ရာဇသူရ(၁၄)လမ်း/ဂ၊ မြေကွက် အမှတ်(၁၁၅၃/ခ)၊မြေပေအကျယ်အဝန်း (၂၀x၆၀)ပေရှိ ဒေါ်စန်းစန်းမြိုင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးကျော်ဌေးဦး(အက်စ်/အိုကေအေ-၀၅၄၀၀၁)၊ ၁၂/ဥကတ (နိုင်)၁၃၂၀၀၇က ယင်းမြေကွက်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ မြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ် ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L., D.I.L(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ်(၉)၊ သူရ(၅)လမ်း၊ မြေကွက်အမှတ်(၁၅၉/က)၊ မြေပေအကျယ်အဝန်း(၀.၀၂၈)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်ကို အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ရှင်းသန့်ဖွေး ၁၄/မအပ(နိုင်)၁၄၈၁၄၃ က ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အုတ်ညှပ်(၂)ထပ် လုံးချင်း နေအိမ်အပါအဝင်ကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက် ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## တစ်ဦးတည်းဖြစ်ကြောင်း

(ဘ) ဦးတင်ဝင်း၏ သမီးဖြစ်သူ မတင်တင်စန်း (ခ) မတင်တင်ဆန်း ၉/မထလ(နိုင်)၂၄၂၉၆၄ သည် လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ကြောင်း။

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပွဲကောက်ရွာတွင် နေထိုင်သော (ဘ) ဦးကျော်ကျော်ခိုင်၏သား၊ Smart Education Centre Grade 6 မှ မောင်သူရဟိန်းခန့် ၏ အမည်မှန်မှာ မောင်မင်းသူရထူး ဖြစ်ပါကြောင်း။

**မောင်မင်းသူရထူး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်(၈) ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ်(၇၂)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိမြေအား ဦးသန်းဦးမှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးသန်းဦး၏ မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အသိအမှတ်ပြု မြေသားစမ်းသပ်မှုလုပ်ငန်း လိုင်စင်ရယူထားသည့် UKW Geothechic Co.,Ltd / International Integrated Services (STL-15) သည် မြေသားစမ်းသပ်မှုလုပ်ငန်း မှ နုတ်ထွက်မည် ဟု လျှောက်ထားလာသောကြောင့် UKW Geothechic Co.,Ltd /International Integrated Services (STL- 15) လုပ်ကိုင်ခွင့်လိုင်စင်အား ပယ်ဖျက်မည် ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၄)ရက် အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**အင်ဂျင်နီယာဌာန (အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးစံဖေလမ်း၊ အမှတ်(၁၆)နေ မသက်ငုံဖူး၁၂/ကမန(နိုင်)၁၂၉၀၉၁ အား ဖခင် ဦးလှဝင်းနှင့် မိခင် ဒေါ်မူမူအေးတို့မှ စိတ်အခန့်မသင့်၍ ၁၇-၉-၂၀၂၂ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၅)တွင် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့သည်ကို မိဘများမှ ခွင့်လွှတ်ကြည်ဖြူ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးပြည့်ဖြိုးအောင်(ရွှေကြိုးကြာ)(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၇၅၅)**
**အမှတ်(၂၈)၊ ပြည်တော်သာလမ်း၊ င/ခရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၇၉၆၉၇၉၇၁၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၈၄၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းအောင် ၁၀/မလမ (နိုင်)၂၁၃၉၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၅၉၁၆ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဆန်း ၁၀/မလမ(နိုင်) ၂၀၂၅၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၇၅၃၁ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မောင်မောင် ၁၀/ကမရ(နိုင်) ၁၃၆၁၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အထက-ဆင်ပေါင်ဝဲ Grade-11အောင်(ဘ)ဦးမျိုးကျော် ၈/ဆပဝ(နိုင်)၀၆၉၂၇၂ ၏သမီး မဇင်မီမီထွန်း ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၃-၂၀၀၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျော်ဘွယ်မြို့နယ်၊ နတ်စုန်းမော်ရွာနေ မအိဖြူသင်း (မိတ္ထီလာတက္ကသိုလ်)၏ ဖခင် ဦးဝင်းနိုင်ထွန်း(ခ)ဦးမောင်သန်းဝင်း၊ ၉/ပဘန(နိုင်)၁၆၁၂၂၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အခြေခံပညာ အထက်တန်းကျောင်း၊ Grade-11 အောင် မြင်သောမောင်ဖြိုးဦးလှိုင်၏ ဖခင် ဦးဘုန်းမြင့် ၏ အမည်မှန်မှာ ဦးတိုးအောင် ၉/ရမသ(နိုင်)၀၅၅၈၅၀ ဖြစ်ပါကြောင်း။

**ဦးတိုးအောင်**

## မွေးသက္ကရာဇ်နှင့် မိဘအမည်မှန်

စစ်ကိုင်းမြို့၊ ရွှေသမား (ဘ၊က)ကျောင်းမှ Grade-5 အောင်မြင်ပြီးသူ မရွှေနဒီအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၄-၂၀၁၂ ဖြစ်ပြီး၊ မိဘအမည်မှန်မှာ ဦးအောင်ကိုဝင်း-ဒေါ်ကေသွယ်ဝင်း ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်၊ ပုံးအင်းအုပ်စု၊ ဆိုင်လဲရွာနေ ဦးစိုင်းစွမ်မှိုင်း(၁၃/ဆဆန(နိုင်)၀၉၂၂၀၇) သည် တောင်ကြီးမြို့နယ်၊ နောင်လေကျေးရွာအုပ်စု၊ ပင်ညောင်ရွာ၊ အကွက်အမှတ်(၁၁)၊ အကျယ်အဝန်းပေ ၅၀x၅၀ မြေကွက်အား မူလပိုင်ရှင်ဖြစ်သူများထံမှ ပိုင်ဆိုင်မှုစာချုပ်များဖြင့်(၁၂-၁၂-၂၀၂၁)ရက်တွင် ငွေအပြေအကျေပေးချေပြီး ဝယ်ယူခဲ့ပြီးဖြစ်သောကြောင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ ရောင်းချခြင်း၊ အုတ်တံတိုင်းကာရံခြင်း၊ အမည်ပြောင်းဆောင်ရွက်ခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းစွမ်မှိုင်း ၁၃/ဆဆန(နိုင်)၀၉၂၂၀၇**
**ဆိုင်လဲရွာ၊ ပုံးအင်းအုပ်စု၊ ဆီဆိုင်မြို့**

## NAING Group Construction Co.,Ltd ၏ ဦးကျော်နိုင်ဦး (Founder & Executive Chairman)၏ ဂုဏ်သိက္ခာအား ညှိုးနွမ်းစေရန်လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ပြုမူရေးသားဖြန့်ဝေမှုများနှင့်ပတ်သက်၍ အများသိစေရန် အထူးသတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၃၈)တွင် ရုံးစိုက်တည်ရှိသော NAING Group Construction Co.,Ltd ၏ ဦးကျော်နိုင်ဦး (ဘ) ဦးဝင်းနိုင် (Founder & Executive Chairman)၊ ၁၂/ပဘတ(နိုင်)၀၁၇၇၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အတိအလင်း အသိပေးတားမြစ်ကြေညာအပ်သည်မှာ-

၁။ ကျွန်ုပ်၏မိတ်ဆွေသည် NAING Group Construction Co.,Ltd အပါအဝင် ၎င်း၏စီးပွားရေးလုပ်ငန်းများကို အစဉ်တစိုက် နှစ်ပေါင်းများစွာ ကောင်းသောအမည်၊ ဂုဏ်သတင်းတို့ဖြင့် တရားဝင်ရပ်တည်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူတစ်ဦးဖြစ်ပါသည်။

၂။ ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ NAING Group Construction Co.,Ltd ၏ ဦးကျော်နိုင်ဦး(Founder & Executive Chairman) နှင့်ပတ်သက်၍ မသမာသူများသည် ကျွန်ုပ်မိတ်ဆွေ၏ ဓာတ်ပုံများနှင့် ဗီဒီယိုမှတ်တမ်းများကို ကာယကံရှင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ Facebook , TikTok အစရှိသော လူမှုကွန်ရက် (Social Media) စာမျက်နှာများပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်နိုင်ဦး၏အမည်နှင့် NAING Group Construction Co.,Ltd အမည်များကို အသုံးပြုပြီး ဂုဏ်သိက္ခာကျဆင်းစေရန်၊ လုပ်ငန်းကိစ္စများ ထိခိုက်နစ်နာစေရန်၊ ကုမ္ပဏီနာမည်ပျက်စေရန်ရည်ရွယ်၍ မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးရေးသားခြင်း၊ ပြောဆိုခြင်း၊ ပုံများတင်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်၍ မဟုတ်မမှန်စာသားများ ဖြန့်ဝေခြင်းများရှိကြောင်းကို တွေ့ရှိရပါသည်။

၃။ အဆိုပါလုပ်ရပ်များသည် လူပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှု (Privacy) ကို ချိုးဖောက်ရုံသာမက စီးပွားရေးလုပ်ငန်း၏ ပုံရိပ်ကိုပါ ဆိုးရွားစွာ ခြိမ်းခြောက်နေသော အသရေဖျက်မှုများ ဖြစ်ပါသည်။

၄။ ထိုသို့ ဥပဒေမဲ့ရေးသားဖြန့်ဝေနေသော မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုနိုင်ရန်အတွက် Media Litigation လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ (Archive) ပြုလုပ် သိမ်းဆည်းထားရှိပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ထိုသို့မဟုတ်မမှန်လုပ်ကြံဆောင်ရွက်နေသူများသည်-

- ယနေ့ ဤကြေညာချက် ထုတ်ပြန်သည့်ရက်မှစ၍ အဆိုပါ ဥပဒေမဲ့ လုပ်ရပ်များကို (ချက်ချင်း)ရပ်တန့်ရန်၊
- ကူးယူဖော်ပြထားခြင်း၊ ပြန်လည်ဝေမျှထားခြင်းများရှိသော (Post) များနှင့် ရေးသားထားသော (Comment) မှတ်ချက်များအားလုံးကို အမြန်ဆုံးပြန်လည်ဖျက်သိမ်း၍ တရားဝင်ပြန်လည်တောင်းပန်ရန်၊
- နောက်နောင်တွင် ဤကဲ့သို့သော လုပ်ရပ်မျိုးကို ထပ်မံမပြုလုပ်ကြရန် လေးနက်ပြတ်သားစွာ သတိပေးတားမြစ်လိုက်ပါသည်။

၆။ အကယ်၍ ဤတားမြစ်ချက်များကို လိုက်နာရန်ပျက်ကွက်ပါက မူလကျူးလွန်သူများသာမက ပူးပေါင်းပါဝင်သူများ အပါအဝင် ဆက်နွယ်ပတ်သက်သူများနှင့် ထပ်ဆင့်ဝေမျှသူများ (Sharers) အားလုံးအပေါ်တွင် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အတိအလင်းအသိပေးကြေညာအပ်ပါသည်။

**ဦးကျော်နိုင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုပြုံး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၄၀)**
**ရုံးခန်း- အမှတ်(၁၀၃/ဘီ)၊ အနော်ရထာ(၃)လမ်း၊ (၂၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၈၅၉၁၂၇၆၊ ၀၉-၇၇၇၇၈၇၄၈၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ -၂၀) တောင်ကြီးမြို့နယ် တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၂

| | | |
|---|---|---|
| ဦးတင်အောင်မိုး | **နှင့်** | ၁။ ဦးဝေယံဖော်<br>၂။ ဒေါ်ဂျူလီရာဘီ |
| **တရားလို** | | **တရားပြိုင်များ** |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ ၊ အမှတ်(၃)ရပ်ကွက်၊ နယ်မြေ(၂)၊ အကွက်အမှတ် (၃၈-၅၁) နေ ဦးဝေယံဖော် နှင့် ဒေါ်ဂျူလီရာဘီ (အတူနေ လင်မယား (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဦးတင်အောင်မိုးက ကြက်စာကုန်ဖိုး ကျန်ငွေ(၃၅၁၅၆၃၆၇)နှင့် အကျိုးအမြတ်ငွေ(၁၇၅၇၈၁၈) စုစုပေါင်းငွေကျပ် (၃၆၉၁၄၁၈၅)သိန်းသုံးရာ့ခြောက်ဆယ့်ကိုးသိန်း တစ်သောင်းလေးထောင့်တစ်ရာရှစ်ဆယ့်ငါးကျပ်တိတိ) ရလိုမှုစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်၊ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ (၁၁) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7R/6885၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ တပ်လမ်း၊ အကွက် အမှတ်နှင့်အမည်-၇-ကျောင်းကြီးကွက်၊ ဦးပိုင်အမှတ်-၂၇၂၊ ဧရိယာ(၀.၀၆၀) အကျယ်အဝန်းရှိသော မြေကွက်အား လက်ရှိပိုင်ဆိုင်သူ ဦးစိုးမြင့် (၇/ပခတ(နိုင်)၀၁၈၀၂၇ကိုယ်တိုင်က မိဘများထံမှ အမွေဆက်ခံပိုင်ဆိုင်ပြီး လက်ရှိ ပိုင်ဆိုင်အကျိုးခံစားလျက် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသန်းစောဦး(၇/ပမန(နိုင်)၀၂၆၅၅၅) က ရောင်းဖိုးငွေများကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည် အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်မာ (LL.B,D.B.L,D.M.L)** | **ဒေါ်ဟယ်လီမိုးမြင့် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်- ၁၂၆၅၆** | **စဉ်-၁၈၅၈၆** |
| **(၈)လမ်း၊ ဗိုလ်တစ်ထောင်ရပ်ကွက်၊** | **ပြည်မြို့ ။** |
| **ပြည်မြို့၊ဖုန်း-၀၉-၄၄၈၀၁၄၇၃၈** | **ဖုန်း- ၀၉-၂၅၄၄၅၁၇၃၈** |

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 16W/55002, Honda Wave -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းအောင် ၁၄/ရကန(နိုင်)၁၀၆၉၀၂ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက် ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ဃ/၈၈၇၂၁, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေနွယ် ၁၄/မအန(နိုင်)၁၅၂၅၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/36507, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းနိုင် ၇/လပတ(နိုင်)၁၅၇၂၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/96210, Honda Click-150 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းဦး ၁၄/အဂပ(နိုင်)၁၇၆၂၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း- ၁၊ ဦးပိုင်/မြေကွက်အမှတ် (၅၉/၃၂၇)၊ (၆၀/၃၂၈)၊ ဧရိယာ(၀.၁၁၀)ကေရှိ နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဦးသန်းညွန့် ၁၄/ရကန(နိုင်)၀၀၅၀၀၁မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးကျော်မင်းထွေး(ဘ) ဦးသိန်းရွှေ ၉/ပမန(နိုင်)၁၈၉၅၄၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ဒေါ်ခင်မြငွေး(ဘ)ဦးမြဟန် [၁၁/ရဗန(နိုင်)၀၆၆၂၉၁] သည် ခင်ပွန်းဖြစ်သူ ဦးမျိုးမြင့်ဦး (ခ) ရခိုင်လေး [၁၁/တကန(နိုင်)၀၇၂၅၂၅] အား အသိပေးခြင်းမရှိဘဲ နေအိမ်မှထွက်ခွာသွားပါသဖြင့် ဒေါ်ခင်မြငွေးနှင့် ပတ်သက်သော ကိုယ်ရေးကိုယ်တာကိစ္စရပ်များ၊ ငွေရေးကြေးရေးကိစ္စများ အစရှိသည်တို့ကို ဦးမျိုးမြင့်ဦး(ခ)ရခိုင်လေး(ဘ) ဦးတင်ပန့်[၁၁/တကန(နိုင်)၀၇၂၅၂၅] နှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးမြင့်ဦး(ခ)ရခိုင်လေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမြင့် (စဉ်-၁၇၃၈၉/၂၁)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၅/၆၉၀)၊ ရန်-မန်းလမ်း အောင်သာယာရပ်ကွက်၊**
**ပုဗ္ဗသီရိမြို့နယ်။**
**ဖုန်း-၀၉-၂၅၀၂၀၃၀၃၁**

## တစ်ဦးတည်းဖြစ်ကြောင်း

(ဘ)ဦးကျော်မောင် ၏သား စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ကျော်သန်းဝင်း ၁၁/စတန(နိုင်)၁၁၀၅၆၉၂ နှင့် ကျော်သူဝင်း မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ကျော်သန်းဝင်း(ခ)**
**ကျော်သူဝင်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အမက ဒရယ်(မြောက်) ကျောင်းမှ (Grade-4)အောင် မောင်နိုင်းလွင်ဦး၏ ဖခင်အမည်မှန်မှာ ဦးလင်းနိုင်ဦး ၁၀/ခဆန(နိုင်)၁၆၆၈၉၅ ဖြစ်ပါကြောင်း။

**ဦးလင်းနိုင်ဦး**
**၁၀/ခဆန(နိုင်)၁၆၆၈၉၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/3426 ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၃၁၈) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ရှိ မြေချပါမစ်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်တင်တင်ဌေး (၁၂/သဃက(နိုင်)၀၃၁၄၄၆)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစိုးမြင့် (၁၂/ဒဂတ(နိုင်)၁၃၈၀၉၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစိန်မြင့် (၁၂/တမန(နိုင်)၀၁၉၆၄၃)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ရွှေနှင်းဆီ(၅)လမ်း၊ မြေကွက်အမှတ် (၇၆၀/က) မြေပေအကျယ်အဝန်းဧရိယာ(၀.၀၂၇၅)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးရဲညွှန့် ၁၀/ကထန(နိုင်)၀၉၂၇၀၁)နှင့် ဒေါ်ယုယု(၁၂/စခန(နိုင်)၀၂၄၀၈၃)တို့က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အာရ်စီ(၁)ထပ် လုံးချင်းနေအိမ်အပါအဝင်ကို မိမိတို့သာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ (၃)လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာ(၁)လမ်း၊ မြေကွက်အမှတ် (၂၇၆ ၃/က)၊ မြေပေအကျယ်အဝန်းပေ(၂၀x၆၀)ရှိ ဦးသောင်းနှင့် ဒေါ်ဥမ္မာတို့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် မှ ဦးသောင်း ပိုင်ဆိုင်သော အစုမြေပေအကျယ်အဝန်း(၁၀x၆၀)ပေကို အမွေဆက်ခံပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်သော ဒေါ်ခင်ခင်အုံး (၁၂/ဥကတ(နိုင်)၁၁၀၆၄၉)၊ ဒေါ်ဝင်းကြည်(၁၂/ဥကတ(နိုင်)၀၇၆၀၆၈)၊ ဦးထွန်းထွန်း(၁၂/ဥကတ(နိုင်)၁၄၁၈၃၁)တို့က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လုံးချင်းနေအိမ်အပါအဝင်ကို မိမိတို့သာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဦးဝေ(၁၂/ဒဂတ(နိုင်)၁၆၈၄၉၆)က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ဃ/၇၄၁၈၀ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထက်ဝေ ၁၀/သဖရ(နိုင်)၁၆၁၄၇၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ဃ/၈၀၀၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့် ၁၀/သဖရ(နိုင်)၀၅၀၈၁၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ဃ/၉၇၂၉၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လေးနွယ် ၁၀/သဖရ(နိုင်)၀၆၉၃၁၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ –၁ နှင့် ၅)**
**ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးတော်၌**
**၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် – ၂၇**

ဦးအလက်ဇန္ဒား နှင့် ဒေါ်တင်ကြည်
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၁၂)နေ တရားပြိုင် ဒေါ်တင်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအလက်ဇန္ဒားက အပြီးသတ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၁:၀၀ နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲဟန်ဇော်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ် ၅၄၊ ဦးပိုင်အမှတ် ၂–ဠ/၁၃ လမ်း၊ ၈၀x၈၁ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဝင်းတင် ၉/မနမ(နိုင်)၀၀၂၇၃၀က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်(ကမ–၃)စာအုပ် ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/94333 ယာဉ်လက်ဝယ်ရှိသူ နော်ဆုသည်းဦးပန်း ၇/ကကန(နိုင်)၁၀၂၂၆၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်(ကမ–၃)စာအုပ် ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24U/8044 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဦး ၇/တငန(နိုင်)၁၅၅၄၄၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 18W/96096 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် ၉/ပဥလ(နိုင်)၀၅၂၈၁၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/93488, Zongshen–110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချင်း ၉/တတဥ(နိုင်)၀၇၁၇၈၃ က (ကမ–၃)ပျောက်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/5235, BAJAJ MAXIMA–2, T/W အားစစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ ဦးထွန်းလှိုင်ဦး ၁၁/စတန(နိုင်)၀၇၂၄၂၀ က(ကမ–၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/8342, TVS King –200 , T/W အား စစ်တွေမြို့၊ ပျားလည်ချောင်းကျေးရွာ ရပ်ကွက်နေ ဦးငြိမ်းကျော်ထွေး ၁၁/စတန(နိုင်)၁၃၅၅၃၅ က(ကမ–၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ကွင်း/အကွက်အမှတ်(၃–က၊ တပ်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၇)၊ မြေဧရိယာ ၀ဒသမ၂၉၈ဧကရှိ မြေကွက်အား မြေငှားဂရန်အမည်ပြောင်း၊ သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဒေါ်ကြည်ကြည်ဝင်းပါ(၄)ဦးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း /အကွက်အမှတ် (၇ /ပဒေသာ၊ ဦးပိုင်အမှတ် (၃၉၁)၊ မြေဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးအောင်ဇော် (၉/ပဥလ(နိုင်)၀၃၂၀၃၄)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ( ၁၅ ) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၀)၊ ကွင်း / အကွက်အမှတ် ( ၃/ပဒေသာ )၊ ဦးပိုင်အမှတ် (၁၃၇)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်တွမ်ချွင်ရီမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ( ၁၅ ) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အကွက်အမှတ်(၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ်(၁၄၂–င)၊ မြေဧရိယာ ၀ဒသမ ၀၈၄ဧကရှိ မြေကွက်အား မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဒေါ်ထားမြင့် ပါ(၂)ဦးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ City Loft Condo၊တိုက် အမှတ်– CL(1)၊ အခန်းအမှတ် (315) ၊ အခန်းအမျိုးအစား–1Bedroom အကျယ်အဝန်းဧရိယာ (၄၈၄) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းတွင်းပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများ၊ တိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုပိုင်ရှင်ဖြစ်သူ ဦးအောင်မင်းခန့် ၅/မရန(ဧည့်)၀၀၀၀၂၃နှင့် ဒေါ်ပွင့်သန္တာအောင်(ခ)ဖြူနှင်းဝေ ၅/မရန(ဧည့်)၀၀၀၀၁၆ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်ဒေါ်အေးအေးခိုင် ၁၂/လမတ(နိုင်)၀၀၀၀၂၄ မှ စရန်ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားပါမည်။

**ဒေါ်အေးအေးခိုင်**
**ဖုန်း–၀၉–၇၉၄၈၄၂၅၉၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် (၁၃)လမ်း၊ အမှတ်(၂၃)၊ ၃ခန်းတွဲ၊ (၅)လွှာတိုက်ခန်းရှိ ဒါဘာစီ (ခြေရင်းခန်း) အကျယ်အဝန်း (၁၂ပေx ၅၄ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူ ပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ ဒေါ်အေးမွန်ခိုင် (၁၂/လသယ (နိုင်)၀၇၅၇၁၉)က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းဖွင့်ဟဝန်ခံ၍အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ဒေါ်ခင်မာမာ(၁၂/သဃက(နိုင်)၀၃၃၄၀၃)မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာမာ ၁၂/သဃက(နိုင်)၀၃၃၄၀၃**
**အမှတ်–၁၂၃/၄၊ မီးဒုံး(၅)လမ်း၊ (၂၉)ရပ်ကွက် သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၀၃၄၅၈၇၊ ၀၉–၂၅၉၃၁၈၄၁၉**

## အများသိစေရန် အသိပေးကြေညာခြင်း

